ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 11 October 2021 ၁၀၅၂၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### တပ်မတော်အနေဖြင့် ပြည်သူများရွေးချယ်ခဲ့သည့် ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် ရပ်တည်ပူးပေါင်းဆောင်ရွက်လျက်ရှိ

# နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသဖြင့် ထိထိရောက်ရောက်ဆောင်ရွက်

# အစိုးရနှင့် ပြည်သူ ချိတ်ဆက်မှုယန္တရားများ အားလုံးခိုင်မာတောင့်တင်းနေရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးခင်ရီ၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်း ဆူပူဆန္ဒပြဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ချိန်၌ ရန်ကုန်မြို့တွင်လည်း ဖြစ်စဉ်များ ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ဖတ်စရာ

မနေးအမြန်ထိုးနှံပေး ကာကွယ်ဆေးနှင့် လူငယ်များ၏ပညာရေး စာမျက်နှာ » ၆

ရန်ကိုအောင်ကြောင်းတရား စာမျက်နှာ » ၁၀



စားနပ်ရိက္ခာဖူလုံဖို့ စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်နှစ်ဆတိုးမြှင့်စို့ စာမျက်နှာ » ၂၂

ကြေးမုံ

# အကြမ်းဖက်နှင့်အစွန်းရောက်ဝါဒ ဝိုင်းဝန်းတိုက်ဖျက်

အကြမ်းဖက်ဝါဒနှင့်အစွန်းရောက်ဝါဒများကို မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံကမျှ လက်ခံကြခြင်းမရှိသည့်အပြင် ၎င်းတို့နိုင်ငံ၌ အကြမ်းဖက်မှုနှင့်အစွန်းရောက်မှု ပေါ်ပေါက်လာလျှင် ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အမြစ်ဖြတ်ချေမှုန်း တိုက်ဖျက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ယခုအခါ နိုင်ငံတကာအသိုက် အဝန်းအချို့၌ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်မှုများ အားပေးလာသည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၉ ရက်နေ့က နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် အကြမ်းဖက်ဝါဒနှင့်အစွန်းရောက်ဝါဒတို့ကို လျစ်လျူရှုခြင်းမပြုကြရန်နှင့် အကြမ်းဖက်မှုများကို မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားကြရန် စစ်မှန်စွာမျှော်လင့်ကြောင်း သတင်းထုတ်ပြန်ထားရာ အကြမ်းဖက်ဝါဒ၊ အစွန်းရောက်ဝါဒတို့ကို မလိုလားသောနိုင်ငံများအနေဖြင့် လက်တွဲပူးပေါင်းတိုက်ဖျက်သင့်ကြပေသည်။

လက်ရှိအချိန်အခါတွင် နိုင်ငံခြားသံရုံးများမှ သံတမန်အချို့နှင့် ကုလသမဂ္ဂရုံးများ၊ အထူးအေဂျင်စီများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ အစိုးရပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် သတင်းအရင်းအမြစ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဆန့်ကျင်သူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများထံမှရရှိသော လိုရာဆွဲသည့် စွပ်စွဲချက်များ၊ မှန်ကန်မှုမရှိသော တစ်ဖက်သတ်သတင်းအချက်အလက်များအပေါ် အခြေခံကာ ဝေဖန်ပြောဆိုမှုများ/ ကြေညာချက်များ ထုတ်ပြန်နေကြသည်ကို တွေ့ရသည်။

ထို့အပြင် ပြည်ပနိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်အချို့တို့ကလည်း တရားမဝင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေး အစိုးရ(NUG) နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းနှင့် ထောက်ခံအားပေးခြင်း၊ ၎င်းတို့၏နိုင်ငံများ၌ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် လွှတ်တော်များက ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုခြင်းတို့ကို တစိုက်မတ်မတ်ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းတို့နှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်အမတ်များအနေဖြင့် အဆိုပါအကြမ်းဖက်အုပ်စုများနှင့် ထိတွေ့ဆက်သွယ်ခြင်းနှင့် အကြမ်းဖက်အုပ်စုများကို သက်ဆိုင်ရာနိုင်ငံများ၌ ရုံးခန်းဖွင့်လှစ်ခွင့်ပြုခြင်း စသည့် လုပ်ရပ်များသည် အကြမ်းဖက်ဝါဒကို အားပေးရာရောက်သည့်အပြင် မြန်မာနိုင်ငံ၌ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေကာ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့်အချက်ကို အလေးအနက်သတိပြုမိရန် လိုပေသည်။ အဆိုပါလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် လုပ်ငန်းစဉ်ကိုလည်း ချိုးဖောက်ရာရောက်နေသည်ကို သတိပြုဆင်ခြင်မိရန်လည်း လိုအပ်ပေသည်။

ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံက အသွင်မတူသောနိုင်ငံများ၊ အားနည်းသောနိုင်ငံငယ်များအပေါ်တွင် ဩဇာလွှမ်းမိုးမှု၊ အနိုင်ကျင့်ဗိုလ်ကျလိုမှု၊ ခေတ်သစ်လစ်ဘရယ်ဝါဒ သွတ်သွင်းလိုမှုတို့ကို အစဉ်တစိုက်ကြိုးပမ်းကြံစည် အားထုတ်လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းနိုင်ငံကြီးနှင့် အပေါင်းအပါနိုင်ငံများ၊ ဆက်စပ်ပတ်သက်သော နိုင်ငံများနှင့်အဖွဲ့အစည်းများသည် ၎င်းနိုင်ငံကြီး၏ဝါဒ၊ ၎င်းနိုင်ငံကြီး၏ရည်မှန်းချက်အတိုင်း နိုင်ငံတကာကျင့်ဝတ်များ၊ ပဋိညာဉ်စာတမ်းများ၊ ဥပဒေများကို မျက်ကွယ်ပြု၍ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ထားသော သတင်းအရင်းအမြစ်များ၊ အချက်အလက်များအား အထောက်အထားယူ၍ မြန်မာနိုင်ငံအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများ၊ ဖိအားပေးမှုများ၊ အကျပ်ကိုင်မှုများမှာ အစောပိုင်းကာလမှ ယနေ့အချိန်အထိ အစဉ်တစိုက်ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဝါဒသွတ်သွင်း၍ အကြမ်းဖက်လုပ်ငန်းစဉ်များ တောက်လျှောက်ပြုလုပ်နေသော (CRPH)၊ (NUG) နှင့် ဆက်စပ်ပတ်သက်သည့်အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့်ဖြစ်ပေါ်ခဲ့သော အခြေအနေမှန်များကို လေ့လာခြင်း၊ စိစစ်သုံးသပ်ခြင်းမပြုဘဲ အကြမ်းဖက်အဖွဲ့နှင့် လူပုဂ္ဂိုလ်တို့အား ထိတွေ့ဆက်ဆံခြင်း၊ အားပေးအားမြှောက်ပြုခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ လှုပ်ရှားဆောင်ရွက်ခွင့်ပြုခြင်းတို့သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့်အပြင် နိုင်ငံ၏အချုပ်အခြာအာဏာကိုလည်း ထိပါးရာရောက်သည်သာမက နိုင်ငံတကာက အသိအမှတ်ပြုထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် လုပ်ငန်းစဉ်များအား ချိုးဖောက်ရာရောက်နေပေသည်။

သို့ဖြစ်ရာ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒ၏ အသွင်သဏ္ဌာန်မျိုးစုံတို့ကို မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခါမှ လက်မခံဘဲ ဆန့်ကျင်ခဲ့သည့် တစ်သမတ်တည်းရပ်တည်ချက်ကို ယခုထပ်လောင်းအတည်ပြုပြီး အကြမ်းဖက်ဝါဒသွတ်သွင်းသူများ၊ ကျူးလွန်သူများကို တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ဝါဒနှင့်အစွန်းရောက်ဝါဒကို လျစ်လျူရှုခြင်းမပြုဘဲ မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တောင်ငူ၌ အထွက်ကောင်းဆီနေကြာ ဆင်းရှေကြာ (၂) မျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်

**တောင်ငူ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသုံးဆီဖူလုံရေးအတွက် နေကြာသီးညှပ် စိုက်ပျိုးမည့်တောင်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်မင်းလှိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးစိုင်းအောင်ညွန့်တို့က တောင်ငူမြို့နယ်အတွင်း မတ်ပဲစိုက်ခင်း



များအကြား သီးညှပ်စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ကျေးရွာ ၁၈ ရွာအတွက် မျိုးစေ့အိတ် တစ်အိတ်လျှင် နှစ်ဧကနှုန်း စိုက်ပျိုးနိုင်မည့် အထွက်ကောင်းဆီနေကြာ ဆင်းရှေကြာ (၂) မျိုးစေ့ ဧက ၆၀၀ အတွက် နေကြာမျိုးစေ့ အိတ် ၃၀၀ ကို စိုက်ပျိုးမည့် တောင်သူ ၁၈၂ ဦးထံ ထောက်ပံ့ပေးအပ်သည်။

တောင်ငူမြို့တွင် ဆီထွက်သီးနှံများကို မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် မြေပဲ ၄၁၅၄ ဧကနှင့် နှမ်း ၅၃၈၃ ဧကကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မတ်ပဲစိုက်ခင်းများအကြား နေကြာသီးနှံစိုက်ဧက ၆၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ဆီထွက်သီးနှံစိုက်ပျိုးရာသီတွင် ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ကျောက်မဲမြို့နယ်၌ တိုက်ပွဲရှောင်များအား အခမဲ့ ဆေးဝါးကုသပေး

**ကျောက်မဲ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအုပ်စု မိုင်းတင်းကျေးရွာ နှင့်ပိန်းခါးကျေးရွာ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာတိုက်ပွဲရှောင် ၁၈၄ ဦးထံသို့ ကျောက်မဲမြို့ အောင်မင်္ဂလာကျန်းမာရေးစောင့်ရှောက်မှုပရဟိတအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဦး ခေါင်းဆောင်သည့်အဖွဲ့ဝင် ၁၇ ဦးက ယနေ့သွားရောက်၍ အခမဲ့ဆေးဝါးကုသပေးကြသည်။



အဆိုပါ တိုက်ပွဲရှောင်များအား ဒေါက်တာသိန်းဇော်၊ ဒေါက်တာစိုင်းလွင်ဦးနှင့် သူနာပြုများ၊ ပရဟိတအသင်းဝင်များက ကျန်းမာရေး စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ပေးပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

၂၁၀

## ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တောင်ကြီး အောက်တိုဘာ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀၂၇၂ ဒသမ ၄၇၈ သန်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း မြေသားလမ်း ၃၄ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း တစ်မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁၁ မိုင် ၅ ဒသမ ၅ ဖာလုံ၊ ကွန်ကရစ်လမ်း တစ်မိုင်၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း ၆ မိုင် ၆ ဖာလုံ၊ ၃၅ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတား တစ်စင်း၊ ၁၀ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၂၀၀ ဘေလီတံတား တစ်စင်း၊ Box Culvert ၂၈ စင်း၊ Pipe Culvert သုံးစင်း၊ ကျောက်တောင် မိုင်းခွဲခြင်းလုပ်ငန်း တစ်ခု၊ လျှပ်စစ်မီးသွယ်တန်းခြင်း တစ်ခု၊ ဆိုလာမီးတပ်ဆင်ခြင်း ၁၅၉ စုံ၊ သောက်သုံးရေသွယ်တန်းခြင်း နှစ်မိုင်၊ သာသနာရေးလုပ်ငန်းတစ်ခု၊ သဘာဝဘေးလုပ်ငန်းတစ်ခု၊ ဂါလန် ၈၀၀ ဆံ့ ရေစင်တစ်ခုတို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း တောင်ကြီးမြို့ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးခြင်းမှာ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | | | |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်း |

## စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

**မိမိတို့ တာဝန်ယူသည့်ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများအသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❖ **ရှေ့ဖုံးမှ**

ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်နေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများရွေးချယ်ခဲ့သည့် ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် ရပ်တည်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် Free and Fair မဖြစ်ခဲ့ကြောင်း၊ ဒီမိုကရေစီ၏အသက်မှာ ရွေးကောက်ပွဲ Free and Fair ဖြစ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့သည့်အပေါ် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်သော်လည်း ပါတီထောက်ခံသူများအနေဖြင့် အကြမ်းဖက်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့မှုကြောင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ခဲ့ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲမသမာမှုနှင့် ရွေးကောက်ပွဲပြီးရလဒ်နှင့် ဆက်နွှယ်ဖြစ်ပေါ်လာသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အကြမ်းဖက်မှုများမှာ မဖြစ်သင့်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့ကဆောင်ရွက်လျက်ရှိပြီး တပ်မတော်ကကူညီဆောင်ရွက်၍ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်အချို့သောဖြစ်စဉ်များတွင် နှစ်ဖက်ပေးဆပ်ရမှုများရှိကြောင်း၊ အဓိကအားဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများရှိခဲ့ပြီး ထပ်မံမဖြစ်ပေါ်စေရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း။

**စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လို**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ယခင်ကထက် တိုးတက်မှုများရှိသော်လည်း လိုအပ်ချက်များရှိနေသေးသဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်မော်တော်ယာဉ်များ သုံးစွဲနေမှုအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရန်အတွက် လမ်းအင်္ဂါရပ်နှင့်ကိုက်ညီသည့် လမ်းနှင့်လမ်းညွှန်အမှတ်အသားများ၊ လူကူးမျဉ်းကျားများ စနစ်တကျဆောင်ရွက်ပေးရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေသူ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

မြို့သာယာလှပရေးနှင့်ပတ်သက်၍ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်သရိုက်များစွန့်ပစ်မှုကို စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် မြို့သာယာလှပမှုကို ထိခိုက်စေနိုင်သည်မက ချောင်းမြောင်းများ ပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေကြောင်း၊ ယခုနှစ်တွင် ချောင်းမြောင်းပိတ်ဆို့ခြင်းကို ဖယ်ရှားနိုင်ခြင်းကြောင့် ရေကြီးရေလျှံမှုကို တတ်နိုင်သမျှလျှော့ချနိုင်ခဲ့ကြောင်း၊ အမှိုက်များရှင်းလင်းရာတွင် မီးရှို့သည့်စနစ်နှင့် စွန့်ပစ်သည့်စနစ် နှစ်မျိုးဆောင်ရွက်နိုင်ပြီး မီးရှို့သည့်စနစ်ကိုဆောင်ရွက်ခြင်းဖြင့် ငွေကုန်ကြေးကျရှိသော်လည်း မြို့သာယာလှပမှုကိုဖြစ်စေကြောင်း၊ ပလက်ဖောင်းလမ်းများ ဆောက်လုပ်ရာတွင် လူများလွတ်လွတ်လပ်လပ် သွားလာနိုင်စေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပလက်ဖောင်းများပေါ်၌ ဈေးများရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်များသွားလာမှုလွယ်ကူစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် မြို့သာယာလှပမှုကို အထောက်အကူပြုစေကြောင်း၊ ဈေးဝယ်ကြော်ငြာဆိုင်းဘုတ်များအား သတ်မှတ်သည့် နေရာများ၌သာကြော်ငြာရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရရှိသည့်ရေများအားလုံး သန့်ရှင်းရန် လိုအပ်သဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

**ပြည်ပမှဝယ်ယူစားသုံးမှုကို လျှော့ချနိုင်**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးသည် နေထိုင်သွားလာမှု အဆင်ပြေသည့်အတွက် ရန်ကုန်မြို့အတွင်း နေထိုင်သူများအားလုံး နိုင်ငံသား မှတ်ပုံတင်ကတ်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားသောက်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ စားသောက်ရေးဖူလုံမှုကိုဆောင်ရွက်၍ ၎င်းမှတစ်ဆင့် အရည်အသွေးကောင်းမွန်သော စားသောက်ကုန် ထုတ်လုပ်နိုင်သည့်အဆင့်ကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်သည့်စားသောက်ကုန်များအားလုံး အရည်အသွေးကောင်းမွန်စွာဖြင့် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှဝယ်ယူစားသုံးမှုကို လျှော့ချနိုင်ကြောင်း၊ စားသောက်ကုန်သီးနှံများအား ရာသီချိန်အလိုက် ထုတ်လုပ်၍ အထွက်နှုန်းများကောင်းမွန်ပြီး ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်ရေး လူတစ်ဦးချင်း အခြေခံလိုအပ်ချက်ကို တွက်ချက်ကာ တိုင်းဒေသကြီးတစ်ခုလုံးဖူလုံအောင် စီမံဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို နမူနာယူ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း နေထိုင်စားသောက်ရေးအတွက် မိရိုးဖလာသမားရိုးကျဖြင့် ကျေနပ်နေ၍ မရဘဲ နည်းပညာအထောက်အကူရယူ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝပြည့်စုံကာ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှစဉ်းစား၍ ရန်ကုန်တိုင်းဒေသကြီးတိုးတက်ရေး အလေးထားစီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြည်သူလူထု၏ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်၍ သီးနှံများအထွက်တိုးရေး ဆောင်ရွက်နေမှုအခြေအနေနှင့် အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၄ သို့** ★

- **မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်နေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်**
- **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် Free and Fair မဖြစ်ခဲ့**
- **ဒီမိုကရေစီ၏အသက်မှာ ရွေးကောက်ပွဲ Free and Fair ဖြစ်ရေးပင်ဖြစ်**
- **ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့သည့်အပေါ် ဥပဒေနှင့်အညီဖြေရှင်းနိုင်သော်လည်း ပါတီထောက်ခံသူများအနေဖြင့် အကြမ်းဖက်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့မှုကြောင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ခဲ့**
- **လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ**

- **စားသောက်ရေးအဆင်ပြေအောင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်**
- **စားသောက်ရေးဖူလုံမှုကို ဆောင်ရွက်၍ ၎င်းမှတစ်ဆင့် အရည်အသွေးကောင်းမွန်သော စားသောက်ကုန်ထုတ်လုပ်နိုင်သည့်အဆင့်ကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်**
- **ထုတ်လုပ်သည့် စားသောက်ကုန်များအားလုံး အရည်အသွေးကောင်းမွန်စွာဖြင့် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှဝယ်ယူစားသုံးမှုကို လျှော့ချနိုင်**
- **စားသောက်ကုန်သီးနှံများအား ရာသီချိန်အလိုက်ထုတ်လုပ်၍ အထွက်နှုန်းများကောင်းမွန်ပြီး ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်ရေး လူတစ်ဦးချင်း အခြေခံလိုအပ်ချက်ကို တွက်ချက်ကာ တိုင်းဒေသကြီးတစ်ခုလုံးဖူလုံအောင် စီမံဆောင်ရွက်နိုင်ရန်လို**
- **အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို နမူနာယူ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လို**

★ စာမျက်နှာ ၃ မှ

ယင်းနောက် မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော်အတွင်း ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအပြင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးနှင့် အမှိုက်သိမ်းမှု၊ သယ်ယူပို့ဆောင်မှု၊ စွန့်ပစ်မှုများ စနစ်ကျနမှုရှိစေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုများကို အဓိကဖြစ်ပေါ်စေသည့် စည်းကမ်းမဲ့ ဈေးရောင်းချမှုများမရှိစေရေး၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မြို့တော်ရေပေးဝေမှု သန့်ရှင်းမှုရှိစေရေးနှင့်ပတ်သက်၍ အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေပေးဝေမှုတွင် ရေသန့်စင်သည့်စနစ်များကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူလူထု၏ သက်သာချောင်ချိရေး၊ စားရေးတွင် အဆင်ပြေချောမွေ့မှုရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်နေသည့် အခြေအနေ၊ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေး၊ မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အသက်အရွယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန်လိုအပ်သူများအား မှတ်ပုံတင်ကတ်ပြားများ သတ်မှတ်ကာလအတွင်း ရရှိနိုင်ရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးဆောင်ရွက်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ပြည်သူနှင့်ကောင်းမွန်သောဆက်ဆံရေးရှိရန် လိုကြောင်း၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပေါ့ပေါ့ဆဆဆောင်ရွက်ခြင်းမရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းလျော့ချမှုနှင့်ပတ်သက်၍ရန်ကုန်မြို့သည် လူနေမှုသိပ်သည်းသည့်နေရာဖြစ်သော်လည်း ပြည်သူ၏ပူးပေါင်းပါဝင်မှုကြောင့် ကူးစက်မှုနှုန်းကျဆင်းလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်သည့်မြို့အဖြစ်ဆောင်ရွက်၍ စံနမူနာအဖြစ် ဆောင်ရွက်စေချင်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်လည်း ရန်ကုန်မြို့အတွင်း ကာကွယ်ဆေးများ အပြည့်အဝထိုးနှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသုံးစွဲရာတွင်လည်း စနစ်တကျဖြင့် အလေအလွင့်မရှိအောင် ချွေတာသုံးစွဲ၍ အကျိုးရှိအောင် အသုံးချကြရန်လိုကြောင်း၊ မိမိတို့နှင့် အခြေခံသဘောသဘာဝတူညီပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၏လုပ်ဆောင်မှုကို အတုယူ၍ နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့ကွက်စီမံကိန်းများဆောင်ရွက်ရာတွင်လည်း ၄ ထပ်မှ ၅ ထပ်ခန့်ရှိသင့်လျော်သော အထပ်မြင့်အဆောက်အအုံများဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်၊ လမ်း စသော အခြေခံအဆောက်အအုံများအတွက် ကုန်ကျစရိတ်သက်သာစွာ မြေပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မီးအန္တရာယ်နှင့် ရာဇဝတ်မှုအန္တရာယ်များမရှိစေရေးအတွက်လည်း ဂရုပြုဆောင်ရွက်ရန် လိုကြောင်း၊ ပြစ်မှုကျူးလွန်မှုများမဖြစ်ပေါ်စေရေးအတွက် သွားလာမှုလွယ်ကူရေးဆောင်ရွက်ပေးရန်နှင့် လိုအပ်သည့် ရဲစခန်းများနှင့် မီးသတ်စခန်းများ တည်ဆောက်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက်လည်း အားကစားကွင်းများနှင့် အားကစားရုံများကို နိုင်ငံတကာ အဆင့်မီတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်များတွင် လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် မြေဧရိယာအနည်းငယ်ဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိဖြင့် ဆောင်ရွက်နိုင်ရန် လိုကြောင်း။

- ❖ **ကဏ္ဍစုံတွင် ပြည်သူများပါသည့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ထိခိုက်အောင် ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရန်လိုသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်ကြရန်လို**
- ❖ **အစိုးရသည် ပြည်သူများအတွက် One Stop Service ပင် ဖြစ်သဖြင့် ပြည်သူများနှင့် ပတ်သက်သည့် လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လို**
- ❖ **လာမည့်ရွေးကောက်ပွဲတွင် ပြီးပြည့်စုံသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်**

### ထိရောက်စွာအရေးယူဆောင်ရွက်

ကဏ္ဍစုံတွင် ပြည်သူများပါသည့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ထိခိုက်အောင်ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများအတွက် One Stop Service ပင်ဖြစ်သဖြင့် ပြည်သူများနှင့်ပတ်သက်သည့်လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ပြီးပြည့်စုံသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ခိုင်မာတောင့်တင်းနေရန်လို

ရန်ကုန်မြို့သည် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်သည့် နိုင်ငံ၏ အဓိကဝင်ပေါက်နေရာဖြစ်သဖြင့် လူဝင်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စစ်ဆေးမှုနှင့်မှတ်တမ်းတင်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံတကာစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်မှုများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အစိုးရနှင့်ပြည်သူ ချိတ်ဆက်မှုယန္တရားများအားလုံး ခိုင်မာတောင့်တင်းနေရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေရန်လိုပြီး ပြည်သူများတိုက်ရိုက်ပါဝင်သည့် ကျေးလက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးပြီး လူနေမှုဘဝများမြင့်မားအောင်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးလက်ကုန်ထုတ်လုပ်မှုသည် အဓိက အရေးကြီးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားများ မပြတ်တောက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးနှင့် Waste Energy ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးထုတ်လုပ်သူများအတွက် နေ့စဉ် ဈေးကွက်သတင်းအချက်အလက် အချိန်နှင့်တစ်ပြေးညီရရှိရေး ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့်အတူ ယနေ့နံနက်ပိုင်းက တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးသစ်ကြီး၊ ရွှေပိတောက်ငါးဈေးနှင့် သီရိမင်္ဂလာ ဟင်းသီးဟင်းရွက်ဈေးများတွင် လက်လီလက်ကားရောင်းချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



### လက်ကားဈေးများ မရှိမဖြစ်လိုအပ်

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စားသုံးသူများအတွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် သားငါးများ လတ်လတ်ဆတ်ဆတ်စားသုံးနိုင်ကြစေရန်နှင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် ဈေးကွက်ရရှိရန်၊ မှန်ကန်သည့် ဈေးနှုန်းရရှိရန် လက်ကားဈေးများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ လူဦးရေ ၇ ဒသမ ၈ သန်းရှိသော ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်သည့် မြို့ကြီးများ၌ လက်ကားဈေးများ မရှိမဖြစ်လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် လက်ကားဈေးသို့ ရောက်ရှိလာသော ကုန်စည်များ၌ ဓာတုဗေဒပစ္စည်း ဓာတ်ကြွင်းများ မကျန်ရှိစေရေး၊ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးကြပ်မတ်ခြင်းကိုလည်း ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ သက်ဆိုင်ရာ ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များကို ဆွေးနွေးပြောကြားသည်။

ရန်ကုန်မြို့တော်အတွင်းရှိ ဈေးများ ယခုထက်ပိုမိုစနစ်ကျနစေရေး၊ ခေတ်မီအအေးခန်းများ မြှင့်တင်တည်ဆောက်ရေး၊ တန်ဖိုးမြင့်အစားအသောက်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန် ပြုပြင်ထုပ်ပိုး သိုလှောင်ခြင်းလုပ်ငန်းများ တိုးချဲ့ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဆွေးနွေးပြောကြား

ယင်းနောက် ဈေးအုပ်ချုပ်ရေးရုံးများနှင့် ဈေးရုံဆိုင်ခန်းများသို့ ရောက်ရှိ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်သူများအတွက် လက်ကားဈေးများ၏ နေ့စဉ်ဈေးကွက်သတင်းအချက်အလက် (Market Information)များ အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာ ရရှိနိုင်မှသာ သီးနှံအမျိုးအစားနှင့် ထုတ်လုပ်ရမည့် ပမာဏကို ချိန်ဆ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ သို့မှသာ ဈေးကွက်လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း လေလွင့်ဆုံးရှုံးမှုမရှိ ထုတ်လုပ်နိုင်မည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူ၊ ပြုပြင်ထုပ်ပိုး သိုလှောင်ရောင်းချသူများနှင့် စားသုံးသူများအားလုံးအတွက် ပိုမိုအကျိုးရှိနိုင်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများ စာအုပ်စာပေဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာရေးနှင့် မှန်ကန်သည့် သတင်းအချက်အလက်များကို စာကြည့်တိုက်များမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်းခေတ်မီစာကြည့်တိုက်များကို သွားရောက်စစ်ဆေး၍ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ သတင်းအချက်အလက် မှန်ကန်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယနေ့အချိန်အခါတွင် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသမာသူ အဖျက်သမားအချို့က နည်းလမ်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဟန့်တား ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အထူးသဖြင့် သတင်းမီဒီယာအချို့က မီဒီယာပလက်ဖောင်းအမျိုးမျိုးကိုအသုံးပြု၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်လုပ်ငန်းများ၊ ထုတ်ဝေခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအတိုင်း ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထိုနည်းတူ သတင်းမီဒီယာလုပ်ငန်းများကိုလည်း သတင်းမီဒီယာ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် အပြုသဘောရှုမြင် ရေးသားထုတ်လွှင့်မှုများကို ကြိုဆိုရမည်ဖြစ်သော်လည်း အဖျက်သဘောသက်သက်ဖြင့် သတင်းမှားများ၊ သတင်းအတုများကို တမင်ဖန်တီးထုတ်လွှင့်မှုများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဖော်ထုတ်တားဆီးကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတင်းတု၊ သတင်းမှားများ မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ်တားဆီးပေးကြပါရန်နှင့် ပြည်သူများ သတင်းအချက်အလက် မှန်ကန်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်းခေတ်မီ စာကြည့်တိုက်၏ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၏ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ စာအုပ်စာပေဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာရေးနှင့် မှန်ကန်သည့် သတင်းအချက်အလက်များကို စာကြည့်တိုက်များမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း။

**ဦးစားပေးထားရှိ**

စာကြည့်တိုက်တိုင်းတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည့် စာနယ်ဇင်းများကို ပြည်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စုံလင်အောင် ထားရှိပေးရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များတွင် ကျောင်းသားလူငယ်များ ဖတ်ရှုလေ့လာလိုသည့် စာအုပ်စာစောင်များကို ထားရှိပေးကြစေလိုကြောင်း၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသည့် စာအုပ်စာစောင်များ၊ လူငယ်များ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် စာအုပ်စာစောင်များကို ဦးစားပေး ထားရှိပေးစေလိုကြောင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်နှင့်အညီ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် Digital Library Service ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်မှုအသစ်များ စနစ်တကျဖော်ထုတ်ရေးစသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဟိုတယ်ဇုန်ဥက္ကဋ္ဌများနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**အဆင်သင့်ဖြစ်စေရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ ပြည်နယ်ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်တည်းခိုပါက အဆင်သင့်ဖြစ်စေရေး ဟိုတယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များ ဖွင့်လှစ်ရာတွင်လည်း ဤဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားရှိသည့် Enchanting Myanmar Health & Safety Protocols နှင့်အညီ လိုက်နာကျင့်သုံးပြီး ဖွင့်လှစ်ရန် လိုအပ်ပါကြောင်း။

ယခုအခါတွင် ဟိုတယ်များ၌ ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေးစံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ လက်တွေ့ဝန်ဆောင်မှုပေးခြင်းများကို ပြသသော ရုပ်သံဗီဒီယိုရိုက်ကူးပြီးစီးပြီး မကြာခင် ထုတ်ဝေတော့မည်ဖြစ်ရာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများရှိ TV Channel များ၊ ဧည့်ကြိုဆောင်ခန်းမ၊ စားသောက်ခန်းမစသော မြင်သာသည့် နေရာများတွင် ပြသနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုအခါ ခရီးသွားပြည်သူများအနေဖြင့် ယခင်ကကဲ့သို့ ပျော်ပွဲရွှင်ပွဲ/ ပွဲလမ်းသဘင် အစီအစဉ်များ ရှိမှသာ ခရီးသွားလာခြင်းမျိုးမဟုတ်ဘဲ စိတ်လက်အပန်းဖြေအနားယူနိုင်မည့် ခရီးစဉ် အသစ်အဆန်းများသို့ သွားရောက်လည်ပတ်လာကြသည့် သဘောရှိသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ဟိုတယ်ဇုန်ဥက္ကဋ္ဌများအနေဖြင့် လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး မိမိတို့၏ ခရီးစဉ်ဒေသ စည်စည်ကားကားဖြစ်စေရေး၊ ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဧည့်သည်များကို ဝန်ဆောင်မှုပေးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Online မှ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ဟိုတယ်ဇုန်ဥက္ကဋ္ဌများက ဟိုတယ်များ ဖွင့်လှစ်ထားရှိမှုနှင့် ခရီးစဉ်ဒေသအခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နယ်ပယ် (၇) မျိုးတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ၊ Online မှ Outsoursing သင်တန်းများ ဖွင့်လှစ်ထားရှိမှု၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံနိုင်ရေး၊ Online သင်တန်းများကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများ ထိထိရောက်ရောက် ပါဝင်တက်ရောက်ပြီး လက်တွေ့ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ကြရေး၊ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်မှုအသစ်များ စနစ်တကျဖော်ထုတ်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# မြို့တော် သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် လမ်းမကြီးများ တိုးချဲ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၌ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာ ဝန်ထမ်းအင်အား ၃၇၀ ဖြင့် အင်ကြင်းလမ်းနှင့် ဘုရင့်နောင်တံတားချဉ်းကပ်လမ်းအကြား ယာဉ်ရပ်နားရန်ကားပါကင် တည်ဆောက်မည့် မြေနေရာတွင် သစ်ပင်ချုံနွယ်များ၊ သစ်ပင်ကြီးများ ခုတ်ထွင်ရှင်းလင်းပုံသွင်းနေမှု၊ ၎င်းဝင်းအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှု၊ ဘုရင့်နောင်ပွဲရုံ သီးသန့်မီးသတ်စခန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပုလဲလမ်းမကြီးတစ်လျှောက် လမ်းတိုးချဲ့ရန်နှင့် လူသွားစင်္ကြံ စက်ဘီးလမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်နိုင်ရန် စက်ယန္တရား၊ လူအင်အားများဖြင့် ချဲ့ထွင်နေမှု၊ ပုလဲလမ်းမြောင်းမှ ရွာမချောင်းသို့ ရေစီးရေလာကောင်းမွန်စေရေး တူးဖော်ရှင်းလင်းနေမှုကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ဘားလားချောင်းတံတားဆင်ဖုံ့ရွာ ၎င်းမှ အမှတ်(၇) လမ်းဆုံအထိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က Dozer စက်ယန္တရားများ အသုံးပြု၍ လမ်းဝဲ/ယာ ချဲ့ထွင်ရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မနေ့အမြန်ထိုးနှံပေး ကာကွယ်ဆေးနှင့် လူငယ်များ၏ပညာရေး

ဒေါက်တာမြတ်မိုး

ယခုလက်ရှိနိုင်ငံတော်၌ ကာကွယ်ဆေးထိုးနှံပေးနေမှုကို နိုင်ငံ့အရေး၊ အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။

အကျုံးဝင်သူအားလုံး မည်သူတစ်ဦးတစ်ယောက်မှ မကျန်စေရေး မူပေါ်တွင် အခြေခံထားသည်ဖြစ်၍ နိုင်ငံသားတစ်ဦး၏အခွင့်အရေးကို လုံးဝလက်လွှတ်မခံသင့်သည့်ကိစ္စရပ်လည်းဖြစ်သည်။ မိမိနှင့်မိမိ၏ ရင်သွေးငယ်ကျောင်းသားများ ဘေးကင်းလုံခြုံစိတ်ချမှုရရှိရန်အတွက် နိုင်ငံတော်၏ တာဝန်ယူတာဝန်ခံမှုအပေါ်တွင် ယုံကြည်စိတ်ချစွာဖြင့် ကျောင်းသားမိဘပြည်သူများ၏ အားလုံးပူးပေါင်းပါဝင်မှုသည် ကိုဗစ်ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရာတွင်လည်းကောင်း၊ စဉ်ဆက်မပြတ် ပညာရေးခရီးလမ်းဖြောင့်တန်းစွာဖြင့် လျှောက်လှမ်းရာတွင်လည်းကောင်း လွန်စွာအရေးကြီးပေသည်။

မကြာမီ နိုင်ငံတစ်ဝန်း ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်တော့မည်။ ကမ္ဘာ့ကိုဗစ်ကပ်အခြေအနေကလည်း ပျောက်ကွယ်မည့်လမ်းစ မမြင်သေး။ မြန်မာနိုင်ငံတွင် တတိယလှိုင်းဖြစ်ပွားမှုကား ငြိမ်သက်စ ပြုလာပြီဖြစ်၍ သင်ကြားသင်ယူခွင့် အခွင့်အလမ်းနှင့် ပညာရေးလမ်းကြောင်းကိုတော့ နှောင့်နှေးနေ၍မဖြစ်၊ ဆက်လက်ချီတက်ရမည်သာ။

အခွင့်အလမ်းနှင့်အတူ စိန်ခေါ်မှုများကတော့ ကပ်ပါလာစမြဲပါ။ အဓိကအချက်က ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုပင်ဖြစ်သည်။ မိမိရင်သွေးငယ်များတွင် ကူးစက်နိုင်မှု အန္တရာယ်ရှိနိုင်မည့်အခြေအနေကို ပူပန်ကြမည်မှာသေချာပါသည်။ ခန့်မှန်းကာလ သီတင်းကျွတ်ပိတ်ရက်အပြီး ကျောင်းပြန်တက်ကြတော့မည့် ကျောင်းသားများအတွက် ကာကွယ်ဆေးအမြန်ထိုးနှံပေးနိုင်ရန်စီမံချက်များကား စနစ်တကျရေးဆွဲပြီးဖြစ်သည်။ စီမံချက်အတိုင်းလည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။

### အားလုံးပါဝင်နိုင်ရေးမှုနှင့်အတူ ထိုးနှံမည့်စီမံချက်

စီမံချက်၌ ၂၀၂၁ ခုနှစ် ဇွန်လတွင် ကျောင်းအပ်နှံထားပြီး ကျောင်းတက်မည့် အသက် ၁၂ နှစ်နှင့် ၁၈ နှစ်အောက် ကျောင်းသားကျောင်းသူအားလုံးအကျုံးဝင်သည်။ ထိုးမည့်ကာကွယ်ဆေးမှာ တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးဖြစ်သည်။ အောက်တိုဘာလ ၁၂ ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးတွင် လေးပတ်ခြား၍ နှစ်ကြိမ်ထိုးနှံသွားရန် စီမံထားသည်။ ယခုစာရေးသည့်အချိန်တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိနှင့် ပျဉ်းမနားမြို့နယ်တို့တွင် ကနဦးရှေ့ပြေးစမ်းသပ်ထိုးနှံပေးနေပြီဖြစ်သည်။

ဆေးထိုးရန်စုရပ်များလည်း စီစဉ်ပြီးဖြစ်သလို စုရပ်များသို့ ကျောင်းသားများကို ကျောင်းကားများဖြင့် စုစည်းခေါ်ဆောင်ပေးမည်ဟုသိရှိရသကဲ့သို့ ဘုန်းတော်ကြီးပညာသင်ကျောင်းများနှင့် IDP စခန်းများရှိ ကျောင်းများပါမကျန် ထိုးနှံပေးသွားမည်ဟုသိရသည်။ အကောင်အထည်ဖော်ရာတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် အစိုးရအဖွဲ့အစည်းများ၊ ဆရာဝန်များ၊ လူ၊ ကယ်၊ ပြန် ဌာနဆိုင်ရာများပါ ပါဝင်သည်။ စုရပ်တစ်ခုချင်းအလိုက် ထိုးနှံမည့်အရေအတွက်ပေါ်မူတည်၍ ဆရာ ဆရာမအရေအတွက်နှင့် နည်းပညာပိုင်းဖြင့် စာရင်းရေးသွင်းမှုကို စနစ်တကျစီစဉ်ထားရှိသည်ဟု သိရှိရပါသည်။

### ဘေးထွက်ဆိုးကျိုးနည်းပြီး အန္တရာယ်ကင်းသည့်အားသာချက်များ

Sinovac ဟုခေါ်သည့် ကာကွယ်ဆေးကိုလေ့လာကြည့်ရာ ပေကျင်းအခြေစိုက် Sinovac ဆေးဝါးကုမ္ပဏီထုတ်ဖြစ်ပြီး တရုတ်နိုင်ငံတွင်လည်း အသက်သုံးနှစ်မှ ၁၈ နှစ်အထိ ထိုးနှံပေးရန် အရေးပေါ် အသုံးပြုခွင့်ရရှိရန် WHO က ခွင့်ပြုပေးပြီးသားဖြစ်သည်။ သေဆုံးပြီးသား ကိုရိုနာဗိုင်းရပ်စ်အပိုင်းအစအမှုန်အမွှားများဖြစ်၍ ကာကွယ်ဆေးထိုးပြီးက လူ့ခန္ဓာထဲတွင် ကိုယ်ခံအားကိုထုတ်လုပ်ပြီး ရရှိလာသည့် ကိုယ်ခံ အားစနစ်ကြောင့် မိမိထံဝင်လာသည့် ဗိုင်းရပ်စ်၏တိုက်ခိုက်မှုကို ခံနိုင်ရည်ရှိအောင် ထုတ်လုပ်ထားသည့်စနစ်ဖြစ်၍ စိတ်ချရပါသည်။ ဘေးထွက် ဆိုးကျိုးနည်းပါးပြီး အန္တရာယ်ကင်းသည်ဟု ဆိုပါသည်။



ဓာတ်ပုံ– www.xinhuanet.com

တရုတ်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့် ၁၇ နှစ်အကြားရှိ ကျောင်းသားလူငယ်တစ်ဦးအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

Sinovac သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် သိုလှောင်ထိန်းသိမ်းရမည့် နိမ့်သောအပူချိန်တွင် အအေးခတ်လိုအပ်ချက်နည်းပါးသည့်အတွက် အခြားသော Astrazeneca ကာကွယ်ဆေးနည်းတူ အသုံးဝင်သည်။ စမ်းသပ်ခဲ့သည့်ရလဒ်များအရ အစွမ်းထက်သည့် ကာကွယ်ဆေး တစ်မျိုးဟုလည်း ဆိုပါသည်။ အင်ဒိုနီးရှား၊ တူရကီ၊ ချီလီ၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် အာဖရိကနိုင်ငံများတွင် ထိုးနှံပေးနေပြီဖြစ်သည်။ စမ်းသပ်ချက်များအရ အနည်းငယ်မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက် ခေါင်းမူးခြင်းရှိနိုင်ပြီး အခြားသောကာကွယ်ဆေးများနည်းတူ ဆေးထိုး သည့်နေရာတွင် အနည်းငယ်နာကြဉ်မှု၊ အရေပြားယားယံ၍ အင်ပျဉ် ထွက်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိနိုင်ပါသည်။

ဘရာဇီးနိုင်ငံမှ စမ်းသပ်ချက်အရ ပြင်းထန်သည့်ဆိုးကျိုးများ မတွေ့ရှိရဘဲ အပြုသဘောဆောင်သည့်ရလဒ်များသာ တွေ့ရှိရသည်ဟု ဆိုသည်။ ပြင်းထန်သောကိုဗစ်ရောဂါဖြစ်မှုနှင့် ဆေးရုံတက်ရောက်ရမှုကို ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဟု သိရှိရပါသည်။ WHO က အသိအမှတ်ပြုထားသည့် မည်သည့်ကာကွယ်ဆေးမျှ ရာနှုန်းပြည့် ကာကွယ်ပေးနိုင်သည်တော့မဟုတ်ပါ။ သို့သော် ဘာဆေးပဲရရ ရောဂါအပြင်းအထန်ခံစားရမှု၊ ဆေးရုံတက်ရောက်ကုသခံရမှု၊ အသက်သေဆုံးမှုကိုတော့ အထိုက်အလျောက်ကာကွယ်နိုင်သည်သာဖြစ်သည်။

### စိုးရိမ်ပူပန်မှုကိုလျော့ပါးစေချင်

**ကာကွယ်ဆေး၏အချက်အလက်အချို့က မိဘများ၏စိုးရိမ်မှုကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်မည်ထင်ပါသည်။ မထိုးမနေရတော့မဟုတ်၊ မိမိ၏ရွေးချယ်ခွင့်၊ ကျောင်းအုပ်နှင့် မိဘ လက်ဆင့်ကမ်းသဘောတူညီချက်လက်မှတ်ဖြင့်သာ ထိုးနှံရန်ဖြစ်ပါသည်ဟု ဆိုထားသည်။ သို့သော် ကိုဗစ်ကြားက ကျောင်းသား ကျောင်းသူများ၏ ပညာရေးအစီအစဉ်သည် ရေတိုမဟုတ်၊ ရေရှည်အစီအစဉ်ဖြစ်၍ မိမိရင်သွေး၏ကျန်းမာရေးအတွက် အားသာချက်ဖြစ်နိုင်မည့်အချက်များကိုမူ မိဘများအနေဖြင့် လျစ်လျူမရှုမိစေရန် အကြံပြုလိုပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး ကာကွယ်ဆေးထိုးနှံနိုင်မှသာ ကျောင်းတက်နေသည့် အတန်းဖော်ကျောင်းသား ကျောင်းသူအားလုံးလည်း ဘေးကင်းလုံခြုံစိတ်ချရမည်ဖြစ်သည်။**

**အချက်အလက်များအရလည်း ဆရာ ဆရာမအားလုံး၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်သည် ကာကွယ်ဆေးများထိုးနှံထားပြီးဖြစ်သည်ဟု သိရှိရသည်။ သို့မှသာ အားလုံးလွှမ်းခြုံသော ဘေးကင်းလုံခြုံသည့်ပညာသင်ယူခွင့် အခွင့်အလမ်းဟူသည့် ရည်ရွယ်ချက်တစ်ခု ပြည့်မြောက်နိုင်မည်ဖြစ်သည်။ အသက် ၁၂ နှစ်အထက် ကျောင်းသားလူငယ်များသည် ကာကွယ်ဆေးထိုးနှံရေးစီမံချက်အရ ဦးတည်အုပ်စု ၂၄ ခုတွင် ပါဝင်ပြီးဖြစ်ရာ ထိုးနှံပြီးစီးမှု ရည်မှန်းကာကွယ်ဆေးအကြိမ်ရေ ရာခိုင်နှုန်းနှင့် အကြိမ်ပြည့်ထိုးနှံပြီးသူရာခိုင်နှုန်း လွှမ်းခြုံမှုသည် အပြည့်အဝရောက်ရှိနေမည့် အနေအထားတစ်ခုသို့ ပိုမိုနီးစပ်သွားမည်ဖြစ်သည်ဟုဆိုနိုင်ပါသည်။**

### တစ်ဦးချင်းစီ၏ပါဝင်မှုနှင့်အတူ အပြန်အလှန်ကူညီစောင့်ရှောက်ရာရောက်

ကိုဗစ် – ၁၉ အထူးသဖြင့် ဒယ်လ်တာမျိုးကွဲကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်းသည်သာ အထိရောက်ဆုံးဖြစ်ပြီး အလွန်အရေးပါသောလက်နက်တစ်ခုဖြစ်သည်ဆိုသောအချက်သည် ယခုအချိန်အထိ အားလုံးနီးပါးက လက်ခံထားသောအချက်ဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် မိမိ၏မိဘ အတူနေညီအစ်ကို မောင်နှမ ဆွေမျိုးများကို ကိုဗစ်ရောဂါဘေးမှ ကာကွယ်စောင့်ရှောက်ပေးပြီးသားဖြစ်သွားသည်။

ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု၊ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလည်း လျော့ကျသွားစေမည်ဖြစ်သည်။ ကိုဗစ်ကပ်ကြီးကို ကာကွယ်ဟန့်တားရာတွင် မိမိတစ်ဦးချင်းစီ၏ ပါဝင်မှုသည် မည်မျှအရေးပါသည်ကို တွေ့ရပါလိမ့်မည်ဟု ညွှန်ပြချင်ပါသည်။ ထို့ကြောင့်လည်း မိဘများအနေဖြင့် မိမိတို့၏ကျောင်းနေအရွယ် ရင်သွေးငယ်များကို အပြည့်အဝကာကွယ်ဆေးထိုးနှံပေးနိုင်ရေး အာရုံစိုက်ကြရန်နှင့် ပူးပေါင်းပါဝင်ရေး အလွန်အရေးကြီးသည်ဟု ဆိုချင်ပါသည်။

### ကလေးများတွင်လည်း လူကြီးများကဲ့သို့ပင် ကူးစက်နိုင်သည်သာ...

အချက်အလက်များအရတော့ လူကြီးများနှင့်နှိုင်းယှဉ်လျှင် ကလေးများတွင် ကိုဗစ်ကူးစက်ပြန့်ပွားမှု နည်းပါးသည်ဟုဆိုနိုင်ပါသည်။ သို့သော် ကိုဗစ်သည် ကလေးသူငယ်များအပါအဝင် အသက်အရွယ်မရွေး ကူးစက်နိုင်သည်သာဖြစ်သည်။ ကူးစက်မှုပမာဏများလာသည်နှင့်အမျှ ကလေးများထံကူးစက်မှုနှုန်းလည်း လိုက်ပါမြင့်တက်လာမည်ပင် ဖြစ်သည်။ အသက်အရွယ်ကြီးသူများနှင့် အဓိကအန္တရာယ်ရှိ ထိခိုက်လွယ်သော သူများကိုသာ ပိုးစစ်ဆေးနိုင်ပြီး အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်သော ပိုးစစ်ဆေးမှုမပြုလုပ်နိုင်ခြင်းကြောင့် ကလေးငယ်များတွင် ကူးစက်နေမှုအခြေအနေကို အသေးစိတ်မသိနိုင်ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ■

**အချက်အလက်များအရလည်း ဆရာ ဆရာမအားလုံး၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်သည် ကာကွယ်ဆေးများ ထိုးနှံထားပြီးဖြစ်သည်ဟု သိရှိရသည်။ သို့မှသာ အားလုံးလွှမ်းခြုံသော ဘေးကင်းလုံခြုံသည့် ပညာသင်ယူခွင့် အခွင့်အလမ်းဟူသည့် ရည်ရွယ်ချက်တစ်ခု ပြည့်မြောက်နိုင်မည်ဖြစ်သည်။ အသက် ၁၂ နှစ်အထက် ကျောင်းသားလူငယ်များသည် ကာကွယ်ဆေးထိုးနှံရေးစီမံချက်အရ ဦးတည်အုပ်စု ၂၄ ခုတွင် ပါဝင်ပြီး ဖြစ်ရာ ထိုးနှံပြီးစီးမှု ရည်မှန်းကာကွယ်ဆေးအကြိမ်ရေ ရာခိုင်နှုန်းနှင့် အကြိမ်ပြည့်ထိုးနှံပြီးသူ ရာခိုင်နှုန်း လွှမ်းခြုံမှုသည် အပြည့်အဝရောက်ရှိနေမည့် အနေအထားတစ်ခုသို့ ပိုမိုနီးစပ်သွားမည်ဖြစ်သည်ဟု ဆိုနိုင်**




## အသိပေးနှိုးဆော်ချက်

နိုင်ငံတော်၏ အရေးပေါ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသော နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် နေ့စဉ် ဖောက်ခွဲဖျက်ဆီးမှုများနှင့် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိပါသည်။

မကြာမီကာလတွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလများသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ယင်းကာလများကိုအကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများပစ်ဖောက်ခြင်းများ ပြုလုပ်လေ့ရှိသဖြင့် အကြမ်းဖက်သမားများအနေဖြင့် ယင်းတို့ကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုများကို ပိုမိုကျူးလွန်လာနိုင်ပါသည်။

သို့ဖြစ်၍ မီးရှူးမီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

ကျောင်းသား၊ သူများ ကြိုတင်ဆောင်ရွက်ရမည့်

**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက် ထိုးနှံရန်၊

၂။ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး အထူးဂရုပြုနေထိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများကို စွဲမြဲစွာပြုမူနေထိုင်ရန်၊ အာဟာရပြည့်ဝသောအစားအစာများ စားသောက်ရန်၊

၃။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း(Mask)နှင့် မျက်နှာကာ(Face Shield)တို့ကို တပ်ဆင်ရန်၊ Air-con အသုံးပြုသော ကြိုပို့ယာဉ်များဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၄။ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ (ထမင်း+မုန့်+ရေ)များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်၍ ယူဆောင်လာရန်၊

၅။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်းခံယူရန်၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်လာပါက ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ သတင်းပို့ရန်၊

၆။ တစ်စုံတစ်ခုကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရနိုင်ပါက အယ်ကိုဟောလ် (၆၀%) နှင့်အထက်ပါဝင်သော လက်သန့်ဆေးရည်ကို အသုံးပြုရန်၊

၇။ အနည်းဆုံး (၆)ပေကွာ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသောအမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်း စွဲစွဲမြဲမြဲဆောင်ရွက်ရန်၊

၉။ အိမ်သို့ရောက်သည်နှင့် ဝတ်ဆင်ခဲ့သောအဝတ်များကို ချက်ချင်းလဲလှယ်ရန်၊ မခါပါနှင့်၊ ချက်ချင်း ဆပ်ပြာနှင့်မိနစ်(၃၀)ကြာစိမ်ပြီးနောက် လျှော်ဖွပ်သန့်စင်ရန်၊ ပြီးနောက် ရေချိုးရန်၊

■ စာမျက်နှာ ၆ မှ

**စာသင်ခန်းတွင်းရှိကျောင်းသားများအနေဖြင့်လည်း ခပ်ခွာခွာနေရန် စည်းကမ်းကအစ စည်းကမ်းများ သတ်မှတ်ထားသည်ဆိုဦးတော့ အချိန်ကြာသင်ကြားသင်ယူရသည့် အခြေအနေမျိုးတွင် ချမှတ်ထားသောစည်းကမ်းများကိုလိုက်နာရန် ခက်ခဲနိုင်ပါသည်။ ခြောက်ပေအတွင်းမှာ ၁၅ မိနစ်ခန့်ကြာအောင် စကားမပြောမိရန် ထိန်းသိမ်းရသည်မှာ ကလေးများ၏သဘောသဘာဝအရ မလွယ်ကူဘဲ တစ်ချိန်မဟုတ်တစ်ချိန် ထိတွေ့နိုင်ပါသည်။ အထက်ပါအချက်များသည် မိဘများအနေဖြင့်ရော ကလေးများပါ စိုးရိမ်မှုပိုကြီးမားရန် တင်ပြနေခြင်းမဟုတ်ပါ။ ကလေးများအတွက် ကာကွယ်ဆေးကို ပို၍အာရုံစိုက်မိစေရန် စေတနာဖြင့် အကြံပြုလိုရင်းသာဖြစ်**

ကလေးငယ်များတွင် ကိုဗစ်လက္ခဏာမပြသခြင်း၊ လက္ခဏာပြသလျှင်လည်း ပြင်းထန်ဆိုးရွားမှုမရှိခြင်း၊ ထို့ကြောင့်လည်း ဆေးရုံတက်ရောက်ကုသခံရမှုနည်းပါးခြင်း စသည့်အခြေအနေများကြောင့် လူကြီးများနှင့်နှိုင်းယှဉ်လျှင် ကူးစက်ပြန့်ပွားမှု နည်းပါးနေသည်ဟု ဆိုနိုင်ပါသလား။ အချက်အလက်များအရ လူကြီးများထံတွင် တွေ့ရှိရသောအချက်များအတိုင်း ကလေးများ၏နှာခေါင်းနှင့် အာခေါင်တွင်လည်း ကူးစက်နိုင်ခြေရှိသော ကိုဗစ်ဗိုင်းရပ်စ်ပိုးပမာဏ တွေ့ရှိနေရခြင်းပင်ဖြစ်သည်။ ပိုးရှိနေသောကလေးမှတစ်ဆင့်လည်း အခြားသူများထံ ကူးစက်နိုင်ခြေရှိနေသည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

အမေရိကန် CDC မှရရှိသော အချက်အလက်များအရလည်း ကိုဗစ်ကြောင့် ဆေးရုံတက်ရသောကလေးသုံးဦးတွင် တစ်ဦးနှုန်း ICU အထူးကြပ်မတ်ကုသဆောင်သို့ ပြောင်းရွှေ့ကုသရမှုနှုန်းသည် လူကြီးများတွင် တွေ့ရှိကုသရသည့် နှုန်းထားအတိုင်းပင်ဖြစ်သည်ဟုဆိုထားရာ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းသည် လူကြီးများကဲ့သို့ပင် အထူးလိုအပ်သည်ဆိုသည်ကို ပြသနေခြင်းပင်ဖြစ်ပါသည်။

ထို့အပြင် **ကလေးများတွင် လူကြီးများကဲ့သို့ပင် အလွယ်တကူ ပိုးကူးစက်ခံရနိုင်ခြင်း၊ ရောဂါပြင်းထန်နိုင်ခြင်း ရှိ၊ မရှိ စသည့်အချက်များအပေါ်တွင် လွှမ်းမိုးသော အကြောင်းအချက်များလည်း ရှိနေပါသေးသည်။ မျိုးရိုးလိုက်ရောဂါများ၊ အာရုံကြောရောဂါများ၊ ဇီဝဖြစ်ပျက်မှုဖြစ်စဉ်၊ မွေးရာပါနှလုံးရောဂါ၊ အဝလွန်မှု၊ ဆီးချို၊ ပန်းနာရင်ကျပ်၊ Sickle cell ရောဂါဟုခေါ်သည့် တံစဉ်ပုံသွေးနီဥ ကလပ်စည်းဆိုင်ရာ သွေးအားနည်းရောဂါများနှင့် ကိုယ်ခံအားကျဆင်းနေသောကလေးများသည် အခြားသောကလေးများထက် ကိုဗစ်ပိုးကူးစက်လွယ်ပြီး ပိုပြီးပြင်းထန်သည့်အခြေအနေမျိုးရှိနိုင်သောကြောင့် ကာကွယ်ဆေးကို ထိုးသင့်ပါကြောင်းအကြံပြုလိုပါသည်။**

**နိုင်ငံအချို့၏ပညာရေးခရီးနှင့် ကာကွယ်ဆေးထိုးအစီအမံ**

ထို့အပြင် **စာသင်ခန်းတွင်းရှိကျောင်းသားများအနေဖြင့်လည်း ခပ်ခွာခွာနေရန် စည်းကမ်းကအစ စည်းကမ်းများသတ်မှတ်ထားသည်ဆိုဦးတော့ အချိန်ကြာသင်ကြားသင်ယူရသည့် အခြေအနေမျိုးတွင် ချမှတ်ထားသောစည်းကမ်းများကိုလိုက်နာရန် ခက်ခဲနိုင်ပါသည်။ ခြောက်ပေအတွင်းမှာ ၁၅ မိနစ်ခန့်ကြာအောင် စကားမပြောမိရန် ထိန်းသိမ်းရသည်မှာ ကလေးများ၏သဘောသဘာဝအရ မလွယ်ကူဘဲ တစ်ချိန်မဟုတ်တစ်ချိန် ထိတွေ့နိုင်ပါသည်။ အထက်ပါအချက်များသည် မိဘများအနေဖြင့်ရော ကလေးများပါ စိုးရိမ်မှုပိုကြီးမားရန် တင်ပြနေခြင်းမဟုတ်ပါ။ ကလေးများအတွက် ကာကွယ်ဆေးကို ပို၍အာရုံစိုက်မိစေရန် စေတနာဖြင့် အကြံပြုလိုရင်းသာဖြစ်ပါသည်။**

ကိုဗစ်အန္တရာယ်လျော့ပါးသည်နှင့် ကျောင်းများပြန်ဖွင့်ပြီး ပညာရေးခရီးနှင်ကြသည်မှာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်။ နိုင်ငံအချို့တွင် ကျောင်းတက်မည့် အထူးသဖြင့် အသက် ၁၂ နှစ်မှ ၁၇ နှစ်အကြား ကလေးများအတွက် ကာကွယ်ဆေးများထိုးနှံပေးနိုင်ရေး စီမံစိုင်းပြင်းနေကြသည်ကို တွေ့ရပါသည်။ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျောင်းသားများကို ကာကွယ်ဆေးထိုးနှံပေးသည့်သတင်းများ အဆက်မပြတ် ကြားသိနေရသည်။ ထိုနိုင်ငံများတွင် စင်ကာပူနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် ကိုဗစ်ဖြစ်ပွားမှုအများဆုံးဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် အဆင့် ၆ တွင်ရပ်တည် နေပါသည်။

အသက် ၁၂ နှစ်အထက် ကျောင်းတက်မည့် ကျောင်းသားလူငယ်များကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်းသည် ကျန်းမာရေးကဏ္ဍအတွက်ရော ပညာရေးကဏ္ဍအတွက်ပါ အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ ကိုဗစ်တတိယလှိုင်းကြောင့် ပညာရေးခရီး ခဏတာရပ်နားရသည့်အခါ မိဘများရော ကျောင်းသားများ၊ ဆရာများပါ စိတ်ခံစားမှုများဖြစ်ရသည်။ မိဘများက ကျောင်းပြန်ဖွင့်ရန် မျှော်ကြသည်၊ ကလေးများက ကျောင်းပြန်တက်ပြီး စာသင်ချင်ကြသည်၊ သူငယ်ချင်းများနှင့် ပြန်တွေ့ချင်ကြမည်။ မိဘ၊ ကျောင်းသား၊ ဆရာများ၏ စိတ်ချမ်းသာမှုခံစားချက်က တစ်ထပ်တည်းဖြစ်သည်။ စိမ်းလန်းစိုပြည်မှုတို့နှင့် ကျောင်းပရိဝုဏ်အတွင်း ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ဖြင့် သင်ကြားသင်ယူနေကြသော ကျောင်းသား ကျောင်းသူလေးများနှင့် ဆရာ ဆရာမများ၏ ပုံရိပ်များကို ကြည်နူးဖွယ်ရာ မကြာမီ တွေ့မြင်ကြရပေတော့မည်...။

ကလေးများ၏အနာဂတ်သည် စာသင်ခန်းများပင်မဟုတ်ပါလား...။ ။

# တောင်ကြီး အေးသာယာအတက်အဆင်းလမ်း သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက တောင်ကြီး-အေးသာယာ အတက်အဆင်းလမ်းတွင် အရိပ်ကျသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းမှုနှင့် လမ်းပြင်ဆင်ထိန်းသိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က လုပ်ငန်းဆောင်ရွက်နေမှုအား ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူတို့သည် ကားလမ်းဘေးအုတ်ခုံဘောလီတုံးများ ဆေးသုတ်နေမှုကို ကြည့်ရှုပြီး တောင်ကြီးမြို့ပေါ်ရှိ ရေနုတ်မြောင်းများမှ စီးဆင်းလာသောရေများနှင့်အတူ မျောပါလာသည့်အမှိုက်များသည် တောင်ကြီးမြို့ အတက်အဆင်းလမ်းဘေးရှိ ရေချောင်းနှင့် တံတားအောက်များ၌ ပိတ်ဆို့မှုမရှိစေရေး တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ ကလောမြို့နယ် ဟဲဟိုးလေယာဉ်ကွင်း အဝင်လမ်း၌ သစ်ပင်များ၊ ချုံနွယ်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုရာ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ဟဲဟိုးလေယာဉ်ကွင်းသည် အဆင့်မြင့်လေယာဉ်ကွင်း ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ လေယာဉ်ကွင်းပတ်လည်များ၌ အထပ်မြင့် အဆောက်အအုံများ ဆောက်ခြင်းများ ခွင့်မပြုရန်နှင့် လေယာဉ်ကွင်းအတွင်းသို့ တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေး ခြံစည်းရိုးများ ကာရံထားရန်၊ လေယာဉ်ကွင်း အဝင်မုခ်ဦးဆိုင်းဘုတ်များ ဆေးပြန်လည်သုတ် ပြုပြင်ရေးတို့ကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ကာ ဆောက်ရွက်သွားကြရန် မှာကြားခဲ့ပြီး လေယာဉ်ကွင်းအဝင် သစ်ပင်များ၊ ချုံနွယ်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# ဖောင်းပြင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် မော်လိုက်ခရိုင် ဖောင်းပြင်မြို့ရှိ ရာဇမုနိပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူတော်ငွေတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖောင်းပြင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများ စားသောက်ရန်အတွက် ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် သူနာပြုများက လက်ခံရယူကြပြီး ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်သူ့ဆေးရုံကြီးအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာအနီး ဥရုချောင်းပေါ်ရှိ မူလဥရုကြိုးတံတားအား သံကူကွန်ကရစ်တံတား အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေးတို့အား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုတို့က တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်အိုး) Bowser ယာဉ်ဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း ရှစ်တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်အိုး) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်ဦးခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ကျောက်တံခါးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းတို့ဖြင့် ဆောင်ရွက်ခဲ့သော အရှည် ၅၉၅ ပေ၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းကိုလည်းကောင်း၊ တံခါးကြီးကျေးရွာ၌ ယူနီဆက်ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၇၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅၉ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့သော သုံးလက်မပိုက် ပေ ၃၁၅၀၊ နှစ်လက်မပိုက် ပေ ၅၂၅၀ နှင့် ရေမီတာ ၂၅၃ လုံး တပ်ဆင်ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ညောင်ဦးမြို့နယ်သို့ ရောက်ရှိပြီး ကျေးရွာ ၁၀၅ ရွာသို့ ရေပေးဝေနေသော တောင်ဇင်းရေပိုက်လိုင်းပေါ်ရှိ ရေစက်ရုံ အမှတ်(၅) နပွလင်ရေစက်ရုံအခြေအနေကိုလည်းကောင်း၊ ပြွန်ကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်း (CDD)ဖြင့် ဆောင်ရွက်ခဲ့သော ဘတ်စုံသုံးခန်းမ အခြေအနေကိုလည်းကောင်း၊ အပူပိုင်းဇုန်ကျေးလက်ရေရရှိရေးရုံး အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ကုန်ထုတ်လမ်း၊ တံတားတစ်ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၅၁ ခု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာလေးရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကျေးရွာ ၂၆ ရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ကျေးလက်ကုန်ထုတ်လမ်း တံတားတစ်ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ခုနစ်ခု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာနှစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကျေးရွာရှစ်ရွာတို့ကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတော်က မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေ ပညာသင်ခွင့်မဆုံးရှုံးဘဲ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ရည်ရွယ်တဲ့အတွက် မိဘရော၊ ကလေးရော စိတ်ပါလက်ပါနဲ့ ကာကွယ်ဆေးထိုးကြဖို့ အကြံပြုတိုက်တွန်းပါတယ်

ဆိပ်ဖြူမြို့နယ်အတွင်း အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး မြို့နယ်ပညာရေးမှူးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**ဦးမြင့်ဦး**
**ဆိပ်ဖြူမြို့နယ် ပညာရေးမှူး**

မေး။ ဆိပ်ဖြူမြို့နယ်အနေနဲ့ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ပညာရေးဌာနအနေနဲ့ ကြိုတင်ပြင်ဆင်ထားမှုအခြေအနေတွေကို သိပါရစေ။

ဖြေ။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ လမ်းညွှန်ကတည်းက တိုင်းဒေသကြီးအစိုးရက ၁-၁၀-၂၀၂၁ ရက်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာနနဲ့ လူ/ကယ်/ပြန်ဌာနတို့ကိုခေါ်ပြီး အစည်းအဝေးလုပ်တယ်။ အစည်းအဝေးလုပ်တော့ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရမယ်လို့ လမ်းညွှန်ကတည်းကစပြီး ကျွန်တော်တို့က မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အခြေခံပညာအထက်တန်းကျောင်း အဲဒီကျောင်းတွေမှာရှိတဲ့ အလယ်တန်းကျောင်း Grade-6 ပေါ့၊ အလယ်တန်းအဆင့်ကနေပြီးတော့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေရဲ့စာရင်းကို မွေးသက္ကရာဇ်နှင့်တကွ အဖေ၊ အမေရဲ့နာမည်နဲ့ နောက်ပြီး သူ့ရဲ့ဖုန်းနံပါတ်၊ ဆက်သွယ်ရန်နေရပ်လိပ်စာတွေကို တောင်းပြီးတော့မှ ကျွန်တော်တို့က အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ရွေးထုတ်လိုက်ပါတယ်။ များသောအားဖြင့် Grade-6 မှာတော့ အသက် ၁၂ နှစ် မပြည့်တဲ့ကျောင်းသား ကျောင်းသူက အနည်းငယ်ရှိတာပေါ့။ ကျန်တဲ့ Grade-7 ကစပြီးတော့ အထက်တန်း ကျောင်းသား ကျောင်းသူတွေက ၁၂ နှစ်ပြည့်တာ များပါတယ်။ အဲဒီလိုတောင်းပြီးတော့ စာရင်းများပြုစုထားတာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံရင် အဆင်သင့်ဖြစ်အောင်လို့ပေါ့။



မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးအား တွေ့ဆုံမေးမြန်းစဉ်။

မေး။ ကျွန်တော်တို့ ဆိပ်ဖြူမြို့နယ်အနေနဲ့ အသက် ၁၂ အထက် ကျောင်းသား ကျောင်းသူ ဦးရေကိုလည်း သိပါရစေ။

ဖြေ။ ကျွန်တော်တို့ အဲဒီလို စာရင်းတွေခေါ်ပြီးတော့ ပြုစုလိုက်တဲ့အခါမှာ စုစုပေါင်း ၃၄၂၆ ဦး ရှိပါတယ်။ အသက် ၁၂ နှစ်အထက်ပေါ့။

မေး။ ကျွန်တော်တို့ ဆိပ်ဖြူမြို့နယ်အနေနဲ့ ကာကွယ်ဆေးထိုးနှံပေးသွားမယ့် နေရာတွေကိုလည်း ထပ်မံသိပါရစေ။

ဖြေ။ ကျွန်တော်တို့ ကာကွယ်ဆေးထိုးပေးမယ့်ဇုန်တွေကို ငါးခု သတ်မှတ်ထားပါတယ်။ ငါးခု သတ်မှတ်ထားတဲ့အခါမှာ အထက-ဆိပ်ဖြူ၊ အထက-ကဇွန်းမ၊ အထက-အောက်ဆိပ်၊ အထက-လက်ဆည်၊ အထက- အင်းဂံ ဆိုပြီးတော့ သတ်မှတ်ထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အထက-ထိန်ကန်တို့ဆိုတာက အားလုံးနဲ့ဝေးနေတော့ အထက-အောက်ဆိပ်တို့က လူဦးရေနည်းတဲ့အတွက် အထက-အောက်ဆိပ်ပြီးတဲ့အခါ အထက-ထိန်ကန်တို့ကို ကူးပြောင်းပြီးတော့ Mobile လုပ်ပြီးတော့ ထိုးပေးမယ်လို့ ရည်ရွယ်ထားပါတယ်ခင်ဗျ။ အဓိက ကတော့ ဇုန်ငါးခုအနေနဲ့ ဆေးထိုးပေးဖို့ရာ သတ်မှတ်ထားပါတယ်။

မေး။ ဆရာကြီးအနေနဲ့ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံတာနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောပေးချင်တာရှိရင် ထပ်မံပြောကြားပေးစေလိုပါတယ်။

ဖြေ။ နိုင်ငံတော်ကနေပြီးတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူတွေကို ထိုးပေးပါလို့ လမ်းညွှန်လာတယ်။ လမ်းညွှန်လာတဲ့အခါမှာ ပညာသင်နှစ် အခွင့်အလမ်း တစ်နှစ်မဆုံးရှုံးရအောင် ဗီနိုင်းတွေထဲမှာ ပါတဲ့အတိုင်းပဲဖြစ်ပါတယ်။ ကလေးတွေအတွက် ရည်ရွယ်ချက်ကတော့ ပညာသင်နှစ် တစ်နှစ် နောက်ကျမှာကြောက်တယ်။ နောင်တစ်ချိန်မှာ ကျွန်တော်တို့ရဲ့တာဝန်၊ နိုင်ငံတော်ရဲ့တာဝန်တွေကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမယ့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတွေ နိုင်ငံ့ရတနာလေးတွေဟာ ပညာသင်ခွင့်မဆုံးရှုံးဘဲနဲ့ ကျန်းကျန်းမာမာနဲ့ လုံခြုံစိတ်ချပြီးတော့ ပတ်ဝန်းကျင်ကောင်းမှာ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ပြီးတော့ ဉာဏ်ရည်ထက်မြက်တဲ့၊ ကျန်းမာတဲ့၊ ပျော်ရွှင်တဲ့ ကလေးတွေဖြစ်ဖို့ ရည်ရွယ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေလည်း ကာကွယ်ဆေးထိုးပြီးတော့ အမြန်ဆုံး ကျောင်းတက်နိုင်ကြဖို့ ရည်ရွယ်ပါတယ်။ အဲဒီလို ရည်ရွယ်တဲ့အတွက် မိဘရော၊ ကလေးရော စိတ်ပါလက်ပါနဲ့ ကာကွယ်ဆေးထိုးကြဖို့ အကြံပြုတိုက်တွန်းပါတယ်။

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဆရာ။

**တွေ့ဆုံမေးမြန်း- မျိုးမြင့်အောင်၊ ဓာတ်ပုံ- အေးအေးစိုး**

# ကာကွယ်ဆေးထိုးနှံခြင်းရဲ့ ရည်ရွယ်ချက်တွေက ကျောင်းသား ကျောင်းသူတွေ ပညာသင်ယူဖို့ အခွင့်အလမ်းတွေ ရရှိစေဖို့ရယ်၊ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်နိုင်ဖို့ရယ် ဖြစ်ပါတယ်၊ ဒါကြောင့် ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံပေးကြပါ



မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်အား တွေ့ဆုံမေးမြန်းစဉ်။

ပွင့်ဖြူမြို့နယ်အတွင်း အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများရှိ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများ ကိုဗစ် – ၁၉ ရောဂါကင်းဝေးစေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်နှင့်ပတ်သက်ပြီး မြို့နယ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

မေး။ ပွင့်ဖြူမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးဖို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သိပါရစေရှင့်။

ဖြေ။ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ အခြေခံပညာအလယ်တန်းနဲ့ အထက်တန်းကျောင်းတွေက အသက် ၁၂ နှစ်အထက်ရှိကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ရာအတွက် အထက်အဆင့်ဆင့်ရဲ့ ညွှန်ကြားချက်နဲ့အညီ စနစ်တကျ ထိုးနှံနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကိုလည်း ကြိုတင်ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဲဒီလို မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့ရာမှာလည်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အခက်အခဲမရှိ ထိုးနှံပေးနိုင်ရေးအတွက် ဆေးထိုးစုရပ်ကျောင်းတွေ ရွေးချယ်ခြင်းနဲ့ ဆေးထိုးနှံမယ့်ကျန်းမာရေးဝန်ထမ်းတွေကို အဖွဲ့ခွဲပြီး တာဝန်ပေးထားပြီးဖြစ်ပါတယ်။ ဒ့ါအပြင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးဖို့အတွက် မြို့နယ်စေတနာ့ဝန်ထမ်း (Volunteer) အဖွဲ့တွေကိုလည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မေး။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနဲ့ပတ်သက်ပြီးတော့ သိပါရစေရှင့်။

ဖြေ။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေ သက်ဆိုင်ရာ ဆေးထိုးစုရပ်တွေမှာ ကာကွယ်ဆေးသွားရောက်ထိုးနှံကြဖို့ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအနေနဲ့ကတော့ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးသွားဖို့ သတင်းရရှိပြီဆိုကတည်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို မိမိတို့နယ်မြေအလိုက် အခြေခံပညာအလယ်တန်းနဲ့ အထက်တန်းအဆင့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံကြဖို့အတွက် ကြိုတင်အသိပေးနှိုးဆော်သွားရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ မြို့နယ်ပညာရေးမှူးရုံးကလည်း သက်ဆိုင်ရာကျောင်းတွေက ကျောင်းအုပ်ဆရာ /ဆရာမများကတစ်ဆင့် တပည့်တွေကို ကာကွယ်ဆေးထိုးနှံကြဖို့အတွက် အသိပေးသွားဖို့ မှာကြားထားပြီးဖြစ်ပါတယ်။ ဒ့ါအပြင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ ဌာနဆိုင်ရာ ပညာပေးပူးပေါင်းအဖွဲ့ကလည်း ရပ်ကွက်/ကျေးရွာတွေအရောက် အသံချဲ့စက်ယာဉ်တွေနဲ့ လိုက်လံအသိပေးနှိုးဆော် ဆောင်ရွက်ထားပါတယ်။

မေး။ တစ်မြို့နယ်လုံး ကာကွယ်ဆေးထိုးနှံပေးမယ့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူဦးရေစာရင်းနဲ့ ဆေးထိုးစုရပ်နေရာတွေ စီစဉ်ဆောင်ရွက်ထားမှုကိုလည်း သိပါရစေရှင့်။

ဖြေ။ ဟုတ်ကဲ့ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် တစ်မြို့နယ်လုံး ကာကွယ်ဆေးထိုးနှံပေးမယ့်အသက် ၁၂ နှစ်အထက်ကျောင်းသား ကျောင်းသူဦးရေစာရင်းအနေနဲ့ အထက်တန်းအဆင့်မှာ ကျောင်းသား ကျောင်းသူ ၁၅၁၄ ဦး၊ အလယ်တန်းအဆင့်မှာ ကျောင်းသား ကျောင်းသူ ၃၈၆၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃၇၅ ဦး ဖြစ်ပါတယ်။ ဒီထဲမှာ ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေလည်း ပါဝင်တာဖြစ်ပါတယ်။ ဆေးထိုးစုရပ်အနေနဲ့ကတော့ သက်ဆိုင်ရာကျောင်းအုပ်တွေနဲ့ ညှိနှိုင်းပြီးတော့ ကျောင်းသား ကျောင်းသူတွေ သွားလာရေးအဆင်ပြေမယ့် ကျောင်း ခုနစ်ကျောင်းမှာ ထိုးနှံဖို့အတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။

မေး။ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးရာမှာ အရေးပေါ်အခြေအနေဖြစ်လာခဲ့ရင် ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်အောင် ဘယ်လိုတွေ စီစဉ်ဆောင်ရွက်ထားလဲဆိုတာ သိပါရစေရှင့်။

ဖြေ။ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးရမှာ အရေးပေါ်အခြေအနေ ဖြစ်လာခဲ့ရင်လည်း လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် သက်ဆိုင်ရာ ဆေးထိုးစုရပ် ခုနစ်နေရာမှာ ကျန်းမာရေးဝန်ထမ်းတွေကို စီစဉ်ဆောင်ရွက်ထားပါတယ်။ မြို့နယ်ဆေးရုံအထိ ကုသဆောင်ရွက်ရမယ့်အခြေအနေ ဖြစ်လာမယ်ဆိုရင်လည်း ဆေးထိုးစုရပ် တစ်ခုချင်းစီမှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ကျန်းမာရေးမော်တော်ယာဉ်တွေကို စီစဉ်ထားရှိပေးသွားမှာ ဖြစ်ပါတယ်။

မေး။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံဖို့အတွက် ဆေးအလုံးရေ လျာထားမှုအခြေအနေနဲ့ ဆေးထိုးပေးမယ့် နေ့ရက်တွေကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားလဲဆိုတာ သိပါရစေရှင့်။

ဖြေ။ ကျောင်းသား ကျောင်းသူတွေ ကာကွယ်ဆေးထိုးနှံဖို့အတွက် ဆေးအလုံးရေကတော့ ယခု ပညာသင်နှစ်မှာ ကျောင်းအပ်နှံခဲ့တဲ့ စာရင်းအရေအတွက်အတိုင်းပဲ ခွဲဝေချထားပေးသွားမယ်လို့ အကြမ်းဖျင်းသိထားပါတယ်။ ဆေးထိုးနှံမယ့် နေ့ရက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီမံချက်အရ (၁၆.၁၀.၂၀၂၁)ရက်နေ့ကစပြီးတော့ ထိုးနှံပေးသွားမယ်လို့ သိရပါတယ်ခင်ဗျ။

**အကြံပြုချက်။** ။ ကာကွယ်ဆေးထိုးနှံခြင်းရဲ့ အဓိကစီမံချက်လုပ်ငန်း ရည်ရွယ်ချက်တွေက ကျောင်းသား ကျောင်းသူတွေ ပညာသင်ယူဖို့ အခွင့်အလမ်းတွေရရှိစေဖို့ရယ်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးရတဲ့ သေဆုံးမှုတွေ လျှော့ချနိုင်စေဖို့အတွက်ရယ် ကျောင်းသား ကျောင်းသူတွေကတစ်ဆင့် မိသားစုတွေနဲ့ တခြားပြည်သူတွေကို ရောဂါကူးစက်ပြန့်ပွားမှုတွေ ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်လို့ အင်မတန်ကောင်းမွန်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအနေနဲ့ ကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက် လာရောက်ထိုးနှံပေးကြပါလို့ အကြံပြုတိုက်တွန်း ပြောကြားချင်ပါတယ်……။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ ။ ။

**တွေ့ဆုံမေးမြန်း – ခင်ဝါဝါလှိုင် (ပြန်/ဆက်)**
**ဓာတ်ပုံ – ရဲဝင်းနိုင် (ညောင်ဦး)**

# ရန်ကိုအောင်ကြောင်းတရား

ဗညားကျန်းထော

**"သစ္စာ ဓမ္မ၊ ဝီရိယနှင့်**
**စာဂဟူသည်**
**ရန်သူအောင်မှုကြောင်း လေးခု။"**

**အရှင်မဟာသီလဝံသ(၁၄၅၃-၁၅၁၈)**

လက်ရှိပကတိ အခြေအနေတွေကတော့ အားလုံးလည်း မြင်သိတွေ့ရှိနေကြတဲ့အတိုင်းပဲ။ ကောင်းနေပါတယ်၊ ဆိုးနေပါတယ်စသဖြင့်ပြောရင်လည်း မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်ကြီးကို လက်နဲ့စမ်းပြီး ကိုယ့်စိတ်ထဲ ထင်ရာပြောနေတာနဲ့တူနေမှာစိုးရပေတယ်။ ဆင်ဆိုတာကြီးက နှာမောင်းစမ်းမိသူက မြွေကြီးနဲ့တူလှပါလား။ အစွယ်စမ်းမိသူက လုံသွားလိုပဲချွန်သတဲ့။ နားရွက်စမ်းမိသူက ယပ်တောင်လိုပါကွဲ့။ ခန္ဓာကိုယ်စမ်းမိသူက နံရံတံတိုင်းကြီးပါလား။ ဆင်ရဲ့ခြေထောက်ကို ဖက်ကြည့်စမ်းတဲ့သူက သစ်ပင်ရဲ့ပင်စည်တွေလိုပဲဟေ့။ အမြီးကိုကိုင်မိသူက ကြိုးတုတ်တုတ်တစ်ချောင်းနဲ့ ဆင်ဆိုတာတူတာပါကွာ။

အားလုံးကို ပြည့်စုံအောင် ခြုံငုံမြင်ကြည့်တဲ့အမြင်ရှိမှ သူပြောတာက သဘာဝကျပေမယ်။ ကိုယ်ထိတွေ့ရသမျှလေးကို အတိအကျအပြည့်အစုံ မှန်ကန်ပြီလို့ အငြင်းမသန်သင့်ဘူးပေါ့။

"လူတွေရဲ့ အတွေးအခေါ်တွေ၊ စိတ်ခံစားတွေ တန်ဖိုးထားပုံတွေကို တည့်မတ်ပေးနိုင်မှ အုပ်ချုပ်တဲ့အစိုးရတွေနဲ့ ရေးဆွဲတဲ့စီမံကိန်းတွေအောင်မြင်ပါလိမ့်မယ်"လို့ အချို့စာရေးဆရာတွေက အကြံပေးပါတယ်။

"အတွေးအခေါ်တွေ နိမ့်လည်းနိမ့်၊ လွဲလည်းလွဲ၊ စိတ်ခံစားတွေကည့်၊ အောက်တန်းကျ၊ တန်ဖိုးထားပုံတွေကစံလွဲ၊ ချာတူးလန်နေတဲ့လူတွေနဲ့ဆိုရင် ဘယ်အစိုးရတက်တက် အောင်မြင်ဖို့ရာ ခက်ခဲလိမ့်မယ်"လို့လည်း ထောက်ပြကြပါတယ်။ အများစုက ပြုပြင်ကြဖို့ လိုအပ်နေပြီ။

"နှစ်ဆယ့်တစ်ရာစုခေတ်ကာလ အခြေအနေက သယံဇာတတွေ၊ ရေခံမြေခံတွေ၊ အရင်းအနှီးတွေ၊ နည်းပညာတွေထက် **လူတွေရဲ့အရည်အသွေးက ပိုပြီးပဓာနကျတဲ့ခေတ်ပါ"** တဲ့။ စာရေးသူလေးစားတဲ့စာရေးဆရာတစ်ဦးဖြစ်တဲ့ ဆရာပိုက်တင် ရေးတင်ထားတဲ့ စာပိုဒ်လေး လက်ကိုင်ဖုန်းထဲမှာ ဖတ်လိုက်မိပါတယ်။ လူတွေရဲ့အရည်အသွေးကို တိုးတက်စေရပေမယ်။ အထူးသဖြင့် လူငယ်တွေ၊ အနာဂတ်ကိုပိုင်ဆိုင်ကြတဲ့ အညွန့်အဖူးလေးတွေရဲ့ပညာရေး။

ခေတ်တွေအမျိုးမျိုးကို လူ့သမိုင်းမှာ လူသားတွေ ဖြတ်သန်းခဲ့ပြီးပေါ့။ စိုက်ပျိုးရေးခေတ်၊ စက်မှုစက်ရုံအလုပ်ရုံခေတ်၊ နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်၊ ဘယ်အချိန်ကာလ ဘယ်တိုင်းပြည် ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အခြေခံကျတဲ့ အဓိကကိန်းကတော့**"လူသာပဓာန"** ဆိုတဲ့ သဘောတရားက မှန်နေဆဲပါပဲ။ မှန်ကန်နေဦးမှာပါပဲ။ ပြည်သူတွေတစ်ဦးချင်းစီရဲ့ အလုပ်ဆိုတဲ့ကံ၊ ဉာဏ်၊ ဝီရိယစွမ်းအားသာ အဆုံးအဖြတ်ပေပဲ။

ဖရိုဖရဲ မပြိုကွဲစေရပါ။

ကာယကံ၊ ဝစီကံ၊ မနောကံ၊ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်ဆိုတဲ့ အလုပ်တွေကို ပြုလုပ်နိုင်စွမ်းရှိကြတဲ့လူသားတွေရဲ့ ပြုမူလုပ်ဆောင်ချက်တွေ၊ ပြောဆိုဆက်ဆံမှုတွေ၊ တွေးခေါ်မြော်မြင်ပုံတွေက လူ့အဖွဲ့အစည်းကိုကောင်းအောင်ဆိုးအောင် ဖန်တီးမောင်းနှင်နေကြတာပဲလေ။ ဒါဟာကံမဟုတ်လား။

**သူ့ရဲ့ခံစားမှုဝေဒနာ**
**သူ့ရဲ့ စေ့ဆော်မှုစေတနာ၊ ဆန္ဒ၊ လုံ့လ**
**သူ့ရဲ့ ဖန်တီးမှုအတတ်ပညာနဲ့**
**ဉာဏ်ရည်ဉာဏ်သွေး**

လူတွေက တစ်ယောက်နဲ့တစ်ယောက်က မတူကြဘူးမဟုတ်လား။ သူ့ကိုယ်နဲ့သူ့စိတ်တောင် တစ်ခါတစ်ရံ အလိုမကျတာရှိသေးတယ်၊ အခြားလူတစ်ယောက်နဲ့၊ အခြားသောလူပေါင်းများစွာနဲ့ တူညီဖို့ဆိုတာတော့ ဝေလာဝေးပေါ့။ အမြွှာမွေးညီအစ်မ၊ ညီအစ်ကို တစ်အူထုံ့ဆင်းချင်းတောင် အယူအဆချင်း၊ စရိုက်ဝါသနာချင်း၊ လက္ခဏာချင်း မတူကြဘူး။ ကမ္ဘာပေါ်မှာရှိကြတဲ့ လူသားသန်းပေါင်း ၇၅၀၀ လောက်ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်၊ ပခုံးနှစ်ခုကြား ခေါင်းပေါက်တာတူပေမယ့် (လူချင်းတူသော်လည်း အသက်ရှူချင်းကွဲကြတယ်ဆိုသလိုပဲ) လက်ဗွေရာတွေလည်း မတူဘူး၊ မျက်စိသူငယ်အိမ်ထဲက မြေပုံလည်း လုံးဝ(လုံးဝ) မတူကြဘူး။

> **သမဂ္ဂါနံ တပေါ သုခေါ။ စည်းလုံးညီညွတ်ခြင်းဟာ ချမ်းသာခြင်းကို ဆောင်ယူလာတတ်တယ်တဲ့။ ရှေးရှေးကာလ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ သဘောတရား၊ မှုကောင်းတွေကို သိရှိခဲ့ကြပါရဲ့။ ကောင်းမွန်တိုးတက်အောင်လည်း လုပ်ဆောင်ခဲ့ဖူးပါရဲ့။ အမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေးပြီး တိုက်ပွဲဝင်ရုန်းကန်ခဲ့ကြတဲ့ သခင်လူငယ်တွေပါပဲ။ နိုင်ငံရေးပါတီတွေဖွဲ့ရင်းနဲ့ ဖဆပလနဲ့ ဗကပကွဲ။ စေ့စပ်လို့ မရအောင်ကွဲ၊ သူသေကိုယ်သေပဲ။ အချစ်အစားအမုန်းတွေများ၊ မှားခဲ့လွဲခဲ့ကြ**

ဘယ်လောက်အံ့သြစရာကောင်းသလဲ။

မအံ့သြနဲ့၊ အဲဒီအမှန်တရားကတော့ ပကတိအမှန်၊ အချက်အလက်ပေပဲ။ တစ်ယောက်နဲ့တစ်ယောက် အတွေးမတူဘူး၊ အမြင်မတူဘူး၊ လူအုပ်စုချင်းလည်း နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဓလေ့ရိုးရာ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အဆင့်အတန်းတွေ၊ စရိုက်တွေ အကြိုက်တွေတူတာတွေရှိ၊ ကွဲတာလည်းရှိ၊ နီးစပ်တာလည်းရှိ၊ ဝေးကွာတာလည်းရှိ၊ ဒါတွေက ပကတိအမှန်တရားတွေပါပဲ။ မတူကွဲပြားတာကို ရန်လုပ်ရင် လွဲမှားမှာပေါ့။

အမြင်မတူတော့ သဘောထားမတူ။

သဘောထားမတိုက်ဆိုင်တော့ ဝိရောဓိဖြစ်။ ဒွန်တွဲရင် လွန်ဆွဲတာလည်း သဘာဝပဲ။

ဝိရောဓိတွေ အားကောင်းလာရင် ပဋိပက္ခဆိုတဲ့ ပွတ်တိုက်မှုတွေဖြစ်လာရော။ ပဋိပက္ခဆိုတာ လူ့သမိုင်းမှာ အကြိမ်ကြိမ် နေရာတကာရှိခဲ့ဖူးတာပဲ၊ ဘယ်လိုကိုင်တွယ်ဖြေရှင်းခဲ့ကြသလဲ။ ဒီအချက်ဟာ အရေးကြီးပါတယ်။ ညီညွတ်ခဲ့လို့ ရခဲ့တဲ့အောင်ပွဲတွေလည်းမနည်း။

မညီမညွတ်သွေးကွဲခြင်းက ပျက်စီးကြောင်းကို ဖြစ်စေတယ်။ မိသားစုဖြစ်စေ၊ ရပ်ရွာဖြစ်စေ၊ တိုင်းနိုင်ငံဖြစ်စေ အချင်းချင်းလေးစားရှိသေမှု၊ ချစ်ခင်စာနာမှု၊ စည်းလုံးညီညွတ်မှုပြိုကွဲရင် ဆုတ်ယုတ်ပျက်စီးစမြဲပဲ။ မြတ်စွာဘုရားရှင်လက်ထက်က ဝေသာလီပြည် မပျက်စီးမီ မြတ်စွာဘုရား(ဘီစီ ၅၆၃-၄၈၃) က နိုင်ငံမဆုတ်ယုတ် မပျက်စီးစေနိုင်တဲ့ ကျင့်သုံးရင် ကောင်းကျိုးရမယ့်တရားကို ဟောကြားခဲ့ပါရဲ့။

ပါဠိပါတ်သားတွေများများတော့မသိပါဘူး။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၊ ၆၀ ကာလဆီက နိုင်ငံတော်တံဆိပ်မှာလည်း ပါခဲ့တယ်။ ပိုက်ဆံစက္ကူပေါ်မှာလည်း တွေ့ခဲ့ရဖူးလို့ မှတ်မိနေတာလေး တစ်ခုရှိတယ်။ ဒါဟာလည်း ဂေါတမဗုဒ္ဓဟောပြခဲ့တဲ့ တရားသဘောတစ်ကြောင်းပါပဲ။

**သမဂ္ဂါနံ တပေါ သုခေါ။**

စည်းလုံးညီညွတ်ခြင်းဟာ ချမ်းသာခြင်းကို ဆောင်ယူလာတတ်တယ်တဲ့။ ရှေးရှေးကာလ နိုင်ငံတော်ကိုအုပ်ချုပ်ခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ သဘောတရား၊ မှုကောင်းတွေကို သိရှိခဲ့ကြပါရဲ့။ ကောင်းမွန်တိုးတက်အောင်လည်း လုပ်ဆောင်ခဲ့ဖူးပါရဲ့။ အမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေးပြီး တိုက်ပွဲဝင် ရုန်းကန်ခဲ့ကြတဲ့ သခင်လူငယ်တွေပါပဲ။ နိုင်ငံရေးပါတီတွေဖွဲ့ရင်းနဲ့ ဖဆပလနဲ့ ဗကပကွဲ။ စေ့စပ်လို့မရအောင်ကွဲ၊ သူသေကိုယ်သေပဲ။ အချစ်အစား အမုန်းတွေများ၊ မှားခဲ့လွဲခဲ့ကြ။

အာဏာရဖဆပလထဲမှာပဲ သန့်ရှင်းနဲ့တည်မြဲ။ အဝါနဲ့ အနီ နှစ်ခြမ်းကွဲ။ မကြည့်ချင်ကြလောက်အောင်မုန်း။ သူပြုတ်ကိုယ်ပြုတ်ဆော်ကြ။ စည်းလုံးမှုပြိုကွဲ။

သန့်ရှင်းဖဆပလလက်ထက်မှာပဲ သူ့ပါတီထဲမှာ ဦးဗိုလ်အုပ်စုနဲ့ သခင်အုပ်စုဆိုပြီး ထပ်ကွဲပြန်ရော။ ကွန်မြူနစ်ဝါဒ ယုံကြည်ကြသူတွေထဲမှာလည်း သခင်စိုးနဲ့ သခင်သန်းထွန်းကွဲ။ ထပ်ပြီး သခင်သန်းထွန်းနဲ့ သခင်သိန်းဖေမြင့် ကွဲကြပြန်။ လက်နက်ကိုင်တော်လှန်ကြတဲ့ သူပုန်သူကန်တွေထဲမှာလည်း အုပ်စုတွေအုပ်စုတွေ ရေတွက်ရတာတောင်မောလောက်အောင်များလွန်းပါရဲ့။ မညီညွတ်ခဲ့ကြ။

"အာဏာဟာ လူကိုဖျက်ဆီးတယ်၊ အကြွင်းမဲ့အာဏာဟာ လူကိုအကြွင်းမဲ့ဖျက်ဆီးပစ်တတ်ပါတယ်"လို့ ဗြိတိသျှအမတ် လော့ဒ်အက်တွန်ဆိုသူက ပြောခဲ့ဖူးတယ်။ နိုင်ငံရေးပါတီခေါင်းဆောင်အချို့ရဲ့ အမှားသင်ခန်းစာ နိုင်ငံပေါင်းများစွာရဲ့သမိုင်းမှာ တွေ့နိုင်တယ်၊ လက်ယာပဲဖြစ်ဖြစ်၊ လက်ဝဲပဲဖြစ်ဖြစ်၊ ဒီမိုကရေစီပဲဖြစ်ဖြစ်၊ အာဏာရှင်တစ်ပါတီပဲဖြစ်ဖြစ် အာဏာနဲ့တွေ့ရင် မခံနိုင်ကြဘူး။ အာဏာရူးပြီး မိမိကိုယ်ကို ပျက်စီးမှန်းမသိ လွဲမှားတဲ့နည်းလမ်းတွေ ရောက်စေခဲ့ကြတယ်။ ဘယ်နိုင်ငံက ဘယ်သူ ဘယ်ဝါ ပြောနေစရာမလို။

တိုင်းပြည်လူထု၊ ပြည်သူက အုပ်ချုပ်ရမှာ၊ နိုင်ငံကိုယ်စားပြု ပြည်သူပြည်သားတွေကိုယ်စား အုပ်ချုပ်စီမံကြရတဲ့ ပုဂ္ဂိုလ်တွေဟာ ဝိရောဓိတွေကို မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းနိုင်ရင် အဲဒီလူ့အဖွဲ့အစည်းဟာ တိုးတက်လာတာပဲ။ ပြည်သူတွေကလည်း ဒါတွေသိထားရမယ်။ နိုင်ငံ့ဝန်ထမ်းတွေကလည်း ဒီသဘောတွေကို သိမြင်နေရမယ်။ အစိုးရဝန်ထမ်းတွေကလည်း ဒီအချက်တွေကို နားလည်ကြရပါမယ်။ အုပ်ချုပ်သူအဖွဲ့အစည်းထဲမှာ ပါဝင်သူ၊ ဆက်နွှယ်သူ၊ ဆုံးဖြတ်သူ၊ အကောင်အထည်ဖော်နေကြသူအားလုံးဟာ အေ၊ ဘီ၊ စီ ဆိုတဲ့ A, B, C သုံးချက်ကို မှန်မှန်ကန်ကန် အသုံးချတတ်ကြရပါမယ်။ ဒါမှ ပြည်သူနဲ့အစိုးရ၊ အစိုးရနဲ့ ပြည်သူ အညမည သဟဇာတဖြစ်ကြမယ်။ မခက်ခဲပါဘူး။ အထူးအဆန်းလည်း မဟုတ်ပါဘူး။ တကယ်ကျင့်သုံးကြရင် လွယ်လွယ်ကူကူနဲ့ တိုးတက်အောင်မြင်သွားမှာပါ။

**A= Attitude- သဘောထားအမြင် ဒါတွေရှိကြရပါမယ်-**

(အကျယ်ပြောရင် အများကြီးပေါ့၊ သိရုံအမြွက်မျှ ဖော်ပြပါရစေ)

| | | |
|---|---|---|
| ၁။ | အကောင်းမြင်စိတ် | Optimism |
| ၂။ | အပြုစိတ် | Positive |
| ၃။ | ငြိမ်းချမ်းစိတ် | Peace of Mind(Good will) |
| ၄။ | သတ္တိ | Courage |
| ၅။ | မျှော်လင့်ချက် | Hope |
| ၆။ | လေးစားမှု | Reciprocal Respect |
| ၇။ | ယုံကြည်မှု | Believe, Trust |
| ၈။ | စိတ်အားထက်သန်မှု | Enthusiasm |

**B= Behaviour-အပြုအမူလက်တွေ့ပါရမယ်။**

| | | |
|---|---|---|
| ၁။ | အလုပ်လုပ်နိုင်တဲ့အင်အား | Energy |
| ၂။ | မိမိကိုယ်ကိုအားကိုးမှု | Self-relience |
| ၃။ | မဆိုင်းမတွ လုပ်ဆောင်ခြင်း | Personal Initiative |
| ၄။ | စုပေါင်းလုပ်ဆောင်ခြင်း | Team Work |
| ၅။ | ပေါင်းစည်းညီညွတ်မှု | Cohesiveness |
| ၆။ | စည်းလုံးစွမ်းအားရလဒ် | Synergy |

**C= Context - ဆက်စပ်စဉ်းစားရမယ့် အကြောင်းအရာ အခြေအနေ။**

၁။ ဂေးရှ်တော့သီအိုရီ Gestault Theory တစ်ခုလုံးကို ခြုံငုံသုံးသပ်လေ့လာခြင်း

၂။ တစ်သီးတစ်သန့် ဖြစ်တည်နေမှုများကို သိမှတ်နားလည်လက်ခံခြင်း Phenomenological Approach သစ်တောကိုလည်း ရှုမြင်ရမည့်အပြင် သစ်ပင်များ၏ မတူကွဲပြားကြသော ဝိသေသလက္ခဏာများကိုလည်း သိရှိထားရမယ်။(ယေဘုယျနှင့် ဝိသေသသဘောနှစ်ရပ်)၊ ဘာတွေကိုလဲဆိုရင် လူမျိုး၊ ဘာသာ၊ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ၊ ရေမြေအခြေအနေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခံယူမှု၊ ယုံကြည်မှု၊ အကျင့်၊ စရိုက်စသည်။ အခြေခံပညာရေးမှာ သမိုင်းနဲ့ပထဝီကိုအလေးထားသင်ခဲ့ကြရမယ်။ ပထဝီနိုင်ငံရေးအရ နိုင်ငံတကာအင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာရည်မှန်းချက်များနှင့် ရင်ဆိုင်နေကြသော ဝိရောဓိများ၊ ပဋိပက္ခများ၊ အပေးအယူ၊ အဆုတ်အတက် အခြေအနေများကိုလည်း မျက်တောင်မခတ်သုံးသပ်ကြည့်ရှုနေရမှာပါ။ သူတို့ရဲ့ဆွဲအားတွန်းအားတွေက ကြီးမားတယ်လေ။ အကယ်၍ သတိမထားရင်လည်း ကွဲသွားနိုင်တာကို။

မျက်ခြည်မပြတ် အကဲခတ်ပြီး မီးစင်ကြည့်ကတတ်ရပါတယ်။ ပြည်သူတွေ အမြင်ကျယ်ဖို့လိုပေတယ်။ ထင်ရာမြင်ရာစွတ်ပြောရင်း ငြင်းခုံရန်သတ်နေရမယ့်အချိန်မျိုးမဟုတ်။ ခန္တီနဲ့ မေတ္တာက မကျော်လွှားနိုင်တဲ့ ဘေးရန်ဆိုတာ မရှိ။ ဒါကိုသိစေလိုပါတယ်။

စာမျက်နှာ ၁၁ သို့ ❍




## အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ကားသမားတစ်ယောက် CDM လုပ်သွားသည်ဟူ၍ မဟုတ်မမှန်သတင်းထုတ်လွှင့်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက မိမိတို့အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ကားသမားတစ်ယောက် CDM လုပ်သွားသည်ဆိုပြီး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ထုတ်လွှင့်နေတာရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မီဒီယာများကလည်း ဝိုင်းဝန်းမေးမြန်းလာသည့်အတွက် ပြောကြားရခြင်းဖြစ်ကြောင်း၊ ၎င်းသတင်းသည် မမှန်ကန်ပါကြောင်း၊ မိမိတို့အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ ကားသမားတို့က သူ့တာဝန်နှင့်သူ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ထိုနေရာမှာ လွန်ခဲ့သည့် တစ်လလောက်က ဆက်သွယ်ရေးတပ်ဖွဲ့မှ စစ်သည်တစ်ယောက် ခွင့်မဲ့ပျက်ကွက်ဖြစ်သွားသည့် ဖြစ်စဉ်လည်းရှိကြောင်း ဖြေကြားသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်စျေးများ

(၁၀-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိစျေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ စျေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

○ စာမျက်နှာ ၁၀ မှ

ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲတွေကို ဘေးဖယ်လျှော့ချပြီး **"ပြည်ထောင်စုကြီး ခိုင်မြဲတိုးတက်ရေး"** အဓိကကိုပဲ ပထမဦးစားပေးနေရာထားကာ စဉ်းစားစီမံကြရမယ် မဟုတ်လား။အဓိကနဲ့သာမညကိုနေရာအထားမှားခဲ့လို့ သူများထက် နောက်ကျနေရစ်ခဲ့ရတယ်။

ဆက်စပ်စဉ်းစားရမယ့် အကြောင်းအရာ အခြေအနေတွေကို တာဝန်ရှိသူအဆင့်ဆင့်က နားလည်သိမြင်ထားကြရင် မကြာခင် အောင်မြင်မှုအသီးအပွင့်တွေ မြင်ရဖွယ်ရှိမှာပါ။

အရေးအကြီးဆုံးအချက်က လူတွေရဲ့စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှု၊ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ချင်မှုဟာ သော့ချက်ပါပဲ။ ရှေ့ကသွားနေတဲ့လူက ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ကိုယ်ကျိုးနည်းတယ်၊ ခွင့်လွှတ်သည်းခံ အနစ်နာခံ အလုပ်လုပ်တယ်၊ စေတနာမှန်တယ်၊ လုပ်ငန်းကျွမ်းကျင်တယ်၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ ထိတွေ့တယ်ဆိုရင် ပြည်သူတွေက (အစိုးရကို ကိုယ်စားပြုကြတဲ့ အစိုးရဝန်ထမ်းတွေအပေါ်) ကြည်ညိုနှစ်လိုတာကြောင့်ပဲ ပုဂ္ဂိုလ်ခင်လို့ တရားမင်တယ်။ လုပ်တတ်ကိုင်တတ်အောင် ကြိုးစားလေ့ကျင့်၊ လိုက်နာကြမယ်။ ဥပဒေနဲ့အညီ လုပ်ရင် သေချာပေါက်တိုးတက်ပြီပေါ့။

> **အရေးအကြီးဆုံးအချက်က လူတွေရဲ့စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှု၊ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ချင်မှုဟာ သော့ချက်ပါပဲ။ ရှေ့ကသွားနေတဲ့လူက ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ကိုယ်ကျိုးနည်းတယ်၊ ခွင့်လွှတ်သည်းခံ အနစ်နာခံ အလုပ်လုပ်တယ်၊ စေတနာမှန်တယ်၊ လုပ်ငန်းကျွမ်းကျင်တယ်၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ ထိတွေ့တယ်ဆိုရင် ပြည်သူတွေက (အစိုးရကို ကိုယ်စားပြုကြတဲ့ အစိုးရဝန်ထမ်းတွေအပေါ်) ကြည်ညိုနှစ်လိုတာကြောင့်ပဲ ပုဂ္ဂိုလ်ခင်လို့ တရားမင်တယ်။ လုပ်တတ်ကိုင်တတ်အောင် ကြိုးစားလေ့ကျင့်၊ လိုက်နာကြမယ်။ ဥပဒေနဲ့အညီလုပ်ရင် သေချာပေါက်တိုးတက်ပြီ**

ဘယ်လိုခေါင်းဆောင်လဲ။ စည်းလုံးညီညွတ်ရေး၊ သွေးစည်းရေးကို ရှေးရှုသလား၊ သပ်လျှိုသွေးခွဲ၊ စည်းလုံးမှုပြိုကွဲအောင် လုပ်ဆောင်သလား။ အကဲခတ်တတ်ကြပါတယ်။

လူလူချင်းစာနာမှု၊ နားလည်မှု၊ တရားမျှတမှု၊ လေးစားမှုတွေနဲ့သာ ပြောဆိုဆက်ဆံပြုမူကြည့်ပါ။ ခေတ်ကိုပြောင်းနိုင်ပါတယ်။ စနစ်ကိုပြောင်းစေပါတယ်။ အကျင့်စရိုက်တွေ (ပြင်ဖို့ခက်ပေမယ့်) ကောင်းလာပါလိမ့်မယ်။ လက်စားမချေချင်ပါနဲ့၊ သင်ပုန်းချေကြရမယ်။ ဥပဒေကိုချိုးဖောက်ရင်တော့ ဘယ်သူမဆို ဒုက္ခရောက်ပေမှာပဲ။

ဝိရောဓိကနေ တင်းမာပေါက်ကွဲလာတဲ့ ရင်ဆိုင်ပဋိပက္ခတွေကို ဖြေရှင်းနည်းတွေ အများကြီးပါ။ ပရိယာယ်အပါအဝင် တရားတာရော၊ မတရားတာရော နည်းလမ်းပေါင်း ၈၀ ရှိပါတယ်။ (လေမျိုးရှစ်ဆယ် လိုပဲနော်) လိုရင်းတိုရှင်းကောက်နုတ်ပြီး ဒီနေရာမှာတော့ ငါးမျိုးသာတင်ပြပါရစေ-

| | |
|---|---|
| ၁။ **ကိုယ်နိုင်သူရှုံး။** | ဖိအားပေးနည်း၊ |
| ၂။ **ကိုယ်ရှုံးသူနိုင်။** | အလျှော့ပေးခြင်းနည်း၊ |
| ၃။ **လျစ်လျူရှုထား။** | ဖျာအောက်ထိုးဝှက်၊ မသိချင်ယောင်ဆောင် နေနည်း၊ |
| ၄။ **ညှိနှိုင်းခြင်း။** | သူနည်းနည်းလျှော့၊ ကိုယ်နည်းနည်းလျှော့၊ |
| ၅။**သူလည်းနိုင်- ကိုယ်လည်းနိုင်။** | Win-Win Method၊ ညှိနှိုင်းတိုင်ပင်ပြီးအဖြေကိုအတူတကွ ဖော်ထုတ်နည်း။ |

အမုန်းအမျက်မရှိ၊ ပြည်သူအတွက်အဓိကထားပြီး နှစ်ဦးနှစ်ဖက်အကျိုးမပျက်စီးဖို့ တပ်မတော်က အကြိမ်ကြိမ်ကြိုးစားခဲ့တာကတော့ အထင်အရှားပါပဲ၊ ဘယ်သူမှားခဲ့သလဲ။

စာရေးသူက လက်တွေ့ပကတိအခြေအနေနဲ့ သဘောတရားကိုပဲ တင်ပြလိုရင်းပါ။

အချို့နိုင်ငံရေးသမားတွေနဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ နည်းလမ်း(၁)နဲ့(၃)ကိုသာ ထပ်ခါထပ်ခါ ကျင့်သုံးလုပ်ဆောင်နေကြတဲ့အတွက် သူတို့မအောင်မြင်တဲ့အပြင် ပြည်သူတွေလည်း ဆင်းရဲဒုက္ခ အကြီးအကျယ်ရောက်ခဲ့ကြရပါတယ်။ လမ်းရွေးမှားလေတော့ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ပေါက်ကြရတယ်။ ခရီးလည်းမရောက်။ နည်း(၁)ကိုပဲ ကြိုက်လို့ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ သဘောထား (မူ)မျိုး အလွဲအမှားကြောင့် အားလုံးထိခိုက်နေကြရတာပဲလေ။

ဒေါသနဲ့ဆုံးဖြတ်သမျှက လွဲချော်နေမှာပဲ။

သိကြတဲ့အတိုင်း **မေတ္တာပါမှ အဆင်ပြေမှာပါ။** နည်းလမ်း(၄)တို့၊ နည်းလမ်း(၅)တို့နဲ့ကြည့်တတ်မြင်တတ်ရင် လွယ်လွယ်ကူကူ အောင်အောင်မြင်မြင် ပြောင်းလဲနိုင်မှာ သေချာပါတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကတည်းက စတီဗင်ကိုဗေး(Steven R.Covey)ရေးခဲ့တဲ့ ထူးခြားအောင်မြင်သူများရဲ့ အလေ့အထ ခုနစ်ချက်ထဲက (Win- Win Method) ကို အကြိမ်ကြိမ် ရေးသားမျှဝေဖူးပါတယ်။ ခေါင်းဆောင်လုပ်သူတွေ အမြော်အမြင်နည်းရင် ပြည်သူတွေနစ်နာတာပဲ။

ရန်လိုမုန်းတီးတဲ့ဒေါသတရား လက်ကိုင်ထားပြီး နည်းမျိုးစုံနဲ့ တိုက်ခိုက်ဖျက်ဆီး ချေမှုန်းနေကြတဲ့အုပ်စုတွေ အများကြီးရှိနေကြတယ်။ သူတို့က ယနေ့အုပ်ချုပ်တဲ့အစိုးရကိုသာ ကန့်လန့်တိုက်နေကြတာမဟုတ်ဘူး။ နိုင်ငံရော ပြည်သူကိုပါ ပြာပုံဖြစ်အောင် မီးရှို့ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ဘယ်သူတွေလဲ။ မြင်အောင်ကြည့်ကြပါ။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။

အဖြေကရှင်းပါတယ်လေ။

လက်ရှိအခြေအနေ အခက်အခဲဘေးအန္တရာယ်အသွယ်သွယ်ကနေ ကျော်နင်းလွန်မြောက် ထွက်ပေါက်တွေရှိနေပါတယ်။ ကြောက်စရာမလိုပါ။ ပြည်သူတွေရဲ့ အသိဉာဏ်ပညာက အဓိကကျပေတယ်။ ဒီရန်စွယ်အန္တရာယ်တွေ ဘယ်လောက်ပင်များများ မြန်မာနိုင်ငံသားပြည်သူတွေက စည်းလုံးခြင်းနဲ့ ကျော်လွှားဖယ်ရှင်းအောင်မြင်ခြင်းနဲ့သာ ရှင်သန်ကြမှာပါ။ စိတ်ချယုံကြည်ပါ။

| | | |
|---|---|---|
| **သစ္စာ** | = | မှန်ကန်ခြင်း။ သစ္စာတရားတန်ခိုးကြီးမားပုံတွေကို အကျယ်ပြောမနေတော့ပါ။ အားလုံးသိပြီးသား။ |
| **ဓမ္မ** | = | တရားနဲ့ညီခြင်း၊ မျှတခြင်း၊ ဥပဒေနှင့်အညီဖြစ်ခြင်း။ |
| **ဝီရိယ** | = | ကြိုးစားအားထုတ်ခြင်း၊ ကိုယ်စီတာဝန်ကျေပွန်ကြခြင်း။ |
| **စာဂ** | = | စွန့်လွှတ်စွန့်စားရဲခြင်း၊ အကျင့်သီလကောင်းကြခြင်း။ |

ပြည်သူအများ ဒီတရားလေးပါး ရင်မှာပိုက်ထားကြပြီး ရန်တကာအောင်မြင်၊ ပျော်ရွှင်တိုးတက်ကြပါစေ။ ။

# တောင်ကိုရီးယား အာဏာရဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ် လီဂျေမြောင်အား ရွေးချယ်

**ဆိုးလ် အောက်တိုဘာ ၁၀**
တောင်ကိုရီးယား အာဏာရ ဒီမိုကရက်တစ်ပါတီက ဂျောင်ဂီစီရင်စု အုပ်ချုပ်ရေးမှူး လီဂျေမြောင်အား ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပါတီဥက္ကဋ္ဌ လီဂျေမြောင်သည် လာမည့်နှစ် မတ်လအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သမ္မတ မွန်ဂျေအင်းအား ထောက်ခံသည့် ဒီမိုကရက်တစ်ပါတီက ပါတီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်မှုဆိုင်ရာ နောက်ဆုံးရလဒ်များကို ယနေ့ ကြေညာသည်။ ပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ နေရာ ၁၁ နေရာတွင် ကျင်းပပြုလုပ်သည်။

လီဂျေမြောင်သည် ထောက်ခံမဲအများဆုံးရရှိကြောင်း ဒီမိုကရက်တစ်ပါတီက ယနေ့ကြေညာသည်။

လီဂျေမြောင်၏ မူဝါဒဆိုင်ရာ အချက်အလက်များသည် လွယ်ကူနားလည်နိုင်သည့်အတွက် ပါတီဝင်ဆန္ဒမဲပေးသူများအကြား ရေပန်းစားလျက်ရှိသည်။

နိုင်ငံသားတိုင်း၏ စီးပွားရေးသာယာဝပြောမှုအတွက် အာမခံချက်ပေးနိုင်သည့် အခြေခံလုပ်ခလစာပေးချေမှု အစီအစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု ကွာဟခြင်းပြဿနာကို ဖြေရှင်းနိုင်ကြောင်း လီဂျေမြောင်က ဆိုသည်။



သမ္မတ မွန်ဂျေအင်း ပြီးနောက် တောင်ကိုရီးယားသမ္မတအသစ် နေရာအတွက် လီဂျေမြောင်သည် အသင့်တော်ဆုံးဖြစ်ကြောင်း ဂူးအပ်ကိုရီးယားအဖွဲ့၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့အင်အားစုပါတီက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ၎င်း၏ သမ္မတလောင်း အရေအတွက်ကို လေးဦးအထိ လျှော့ချခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့်သူများစာရင်းကို နိုဝင်ဘာလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**စွပ်စွဲထား**

လီဂျေမြောင်သည် ဆောင်နမ်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းရွက်စဉ်က အဆိုပါမြို့ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ပြည်သူ့အင်အားစုပါတီက လီဂျေမြောင်အား စွပ်စွဲထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားသိပ္ပံပညာရှင် အဗ်ဒူကွာဒီယာခန် ကွယ်လွန်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၀**
ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားသိပ္ပံပညာရှင် အဗ်ဒူကွာဒီယာခန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများခံစားရမှုကြောင့် ယနေ့ ကွယ်လွန်ကြောင်း ၎င်း၏မိသားစုက အတည်ပြုပြောကြားသည်။

အသက် ၈၅ နှစ်အရွယ် အဗ်ဒူကွာဒီယာခန်သည် ပါကစ္စတန် နျူကလီးယားအစီအစဉ်ကို စတင်ဦးဆောင်သူတစ်ဦးဖြစ်သည်။

**ပို့ဆောင်ခဲ့**

အဗ်ဒူကွာဒီယာခန်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာသည့်အတွက် မြို့တော်အစ္စလာမ္မာဘတ်ရှိ ၎င်း၏ သုတေသနဓာတ်ခွဲခန်းများရှိသည့်ဆေးရုံသို့ ၎င်းအား ပို့ဆောင်ခဲ့ကြောင်း မိသားစုဝင်များက ဆိုသည်။

ဩဂုတ်လအစောပိုင်းတွင် အဗ်ဒူကွာဒီယာခန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းကြောင့် အဆိုပါဆေးရုံသို့ ၎င်းအား ပို့ဆောင်ပေးခဲ့ရသည်။ ရက်အနည်းငယ်ကြာ ဆေးဝါးကုသမှုများခံယူပြီးနောက် ၎င်း၏ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် နေအိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ဆိုသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်က နျူကလီးယားသိပ္ပံပညာရှင် အဗ်ဒူကွာဒီယာခန် ကွယ်လွန်ခဲ့ခြင်းအပေါ် ၎င်း၏ မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

**ဝမ်းနည်းကြေကွဲ**

ပါကစ္စတန်နိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံအဖြစ် ဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် ပြည်သူအားလုံးကလည်း အဗ်ဒူကွာဒီယာခန်အား ချစ်မြတ်နိုးပါကြောင်းနှင့် ၎င်းကွယ်လွန်ရခြင်းအပေါ် နိုင်ငံတစ်ဝန်းလုံး ဝမ်းနည်းကြေကွဲရပါကြောင်း ဝန်ကြီးချုပ်ခန်က ရေးသားထားသည်။

အဗ်ဒူကွာဒီယာခန်၏ နိုင်ငံအပေါ်ချစ်မြတ်နိုးစိတ်နှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်လာစေရန် ကြိုးစားအားထုတ်မှုများကို မည်သည့်အခါမျှ မေ့လျော့သွားမည်မဟုတ်ပါကြောင်း ပါကစ္စတန်သမ္မတ အာရဖ်အာဗီက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အီရတ်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲ ယနေ့စတင်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၀**
အီရတ်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲ ယနေ့စတင်လျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများက ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများနှင့်အညီ မဲရုံများသို့ သွားရောက်ကာ ထောက်ခံမဲများ ပေးလျက်ရှိသည်။

နိုင်ငံအတွင်း အမေရိကန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုများ လျော့ကျသွားသည့်အတွက် တည်ငြိမ်အေးချမ်းမှုကို ရေရှည်ဆောင်ကြဉ်းပေးမည့် အစိုးရတစ်ရပ်ပေါ်ထွက်လာနိုင်မလားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ဆန္ဒမဲပေးမှုများကို ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် စတင်သည်။ လွှတ်တော်အမတ်လောင်း ၃၂၀၀ ကျော်က ၃၂၉ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅၀၀၀၀ ခန့် နိုင်ငံတစ်ဝန်း၌ တပ်ဖြန့်ထားကြောင်း သိရသည်။

နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုများရှိနေသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံအတွင်း၌ ဆက်လက်တပ်ဖြန့်ထားသင့်၊ မသင့် ဆိုသည်မှာ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အဓိကကိစ္စရပ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းမှုများကို ယခုနှစ်မကုန်မီ အဆုံးသတ်သွားမည်ဟု မျှော်လင့်ရသည်။ အမေရိကန်တပ်များ ပြန်လည်ဆုတ်ခွာသွားသည့်တိုင် အီရတ်တပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့်ပေးမှုများကို လုပ်ဆောင်ပေးသွားနိုင်ဖွယ်ရှိသည်။

နောက်ထပ်နိုင်ငံရေးအကျပ်အတည်းတစ်ခုမှာ အီရတ်နိုင်ငံက အီရန်နိုင်ငံနှင့် မည်သို့သော ဆက်ဆံရေးတစ်ရပ်ကို ပြန်လည်ထူထောင်သွားမည်လဲဆိုသည့် အချက်ပင်ဖြစ်သည်။ အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရန်နိုင်ငံက ကျောထောက်နောက်ခံပေးသည့် စစ်သွေးကြွများက တိုက်ခိုက်ချေမှုန်းမှုများ ပြုလုပ်ခဲ့သည်။

ဆန္ဒမဲများကို ယနေ့ညနေ ၆ နာရီအချိန်တွင် စတင်ရေတွက်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲရလဒ်များကို ရက်အနည်းငယ်အတွင်း ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၂၅၆ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၁၀**
အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၂၅၆ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၇၀၂၈၉၀ ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၂၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၂၅၉၂ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၂၇၉၉၉ ဦးရှိသည်။

လူနာ ၅၃၀၄ ဦး သည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။



လက်ရှိအချိန်အထိ ပြည်သူ ၄၅၀၇၅၅၁၃ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၉၃၂၆၄၃၂ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ပြည်သူ ၃၃၂၄၆၄၄၇ ဦးအား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၃၈ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၁၀**
အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၃၈၃၀၉၇ ဦးရှိလာကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၃၈၇၇ ဦးရှိပြီး ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၇၇၃၃၀၁၄ ဦးရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် မဟာဗျူဟာတစ်ရပ် အကောင်အထည်ဖော်ဆောင်မည်

**စင်ကာပူ အောက်တိုဘာ ၁၀**

စင်ကာပူနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် မဟာဗျူဟာတစ်ရပ်နှင့်ပတ်သက်ပြီး စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ယမန်နေ့ ရုပ်သံလိုင်းအစီအစဉ်မှတစ်ဆင့် ပြောကြားသည်။




နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေအပါအဝင် ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် လုပ်ငန်းစဉ်များကို ၎င်း၏မိန့်ခွန်းထဲတွင် လီရှန်လွန်းက ထည့်သွင်းပြောကြားသည်။

အောက်တိုဘာ ၉ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅၉၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည်။

ပြည်တွင်း၌ ရောဂါကူးစက်ခံရသူ ၉၈ ရာခိုင်နှုန်းကျော်သည် ရောဂါလက္ခဏာပြင်းထန်မှု မရှိကြောင်းနှင့် ပြည်သူများအနေဖြင့် ရောဂါကာကွယ်ဆေးများ ထိုးနှံမှု ခံယူထားသည့်အတွက် ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုများကို ရင်ဆိုင်ရမည် မဟုတ်ကြောင်း လီရှန်လွန်းက ဆိုသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် မဟာဗျူဟာတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများဖြစ်သည့် ခရီးသွားလာမှု ကန့်သတ်ခြင်းအပါအဝင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်မှုများကို ထပ်မံလုပ်ဆောင်မည် မဟုတ်ကြောင်း လီရှန်လွန်းက ပြောသည်။

လက်ရှိတွင် စင်ကာပူနိုင်ငံ၏ လူဦးရေ ၈၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှု ခံယူပြီးဖြစ်သည်။

သို့သော် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှု အရေအတွက်များ အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ လေးသန်းကျော်ရှိ

**ကျူးနစ် အောက်တိုဘာ ၁၀**

တူနီးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို မတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ လေးသန်းကျော်ရှိသွားပြီဖြစ်ကြောင်း တူနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၆၄၃၂၇၇၈ ဦးရှိပြီဖြစ်ကြောင်းလည်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူနီးရှားကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်နောက်ဆုံးအချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၀၉၄၅၆ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၉၉၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၈၁၅၃၉ ဦးရှိကြောင်း တူနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၉၅ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၁၆၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၃၉၅၃၄၇၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**ရောဂါကူးစက်ခံရမှုအနိမ့်ဆုံးဖြစ်**

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် လွန်ခဲ့သည့် ၂၁၄ ရက်တာကာလအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနိမ့်ဆုံးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၄ ဦးထပ်တိုးလာရာ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၅၀၅၈၉ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၃၀၉၇၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၆၂၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၂၇၁၉၁၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၄၃ ဦးရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၀**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၄၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၃၃၂၂၂၁ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၄၃ ဦးအနက် ၈၇၂၉ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၄ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၇၄ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၇၂၆၅ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၄၂၂ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၁၈၄၇၁၀ ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၁၂၀၂၄၆ ဦးရှိကြောင်း ယင်းတို့အနက် ၇၆၈ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၁၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၄ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၆၄ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၄၇ ဦးရှိ

**မော်စကို အောက်တိုဘာ ၁၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၄၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၇၇၅၃၆၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၆၂ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၁၆၄၁၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၇၂၇၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၈၅၈၁၁၉ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၁၀ ရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၇၈၆၇၅ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၅ သန်းနီးပါးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း**
**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၃၈၄၄၂၅၂၂ ဦး**

**သေဆုံးသူ ၄၈၆၄၇၃၇ ဦး**

**ပြန်လည်ကျန်းမာလာသူ ၂၁၅၅၆၀၃၂၆ ဦး**

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၉ သိန်း သိမ်းဆည်းရမိ



ကျော်မင်းဦးနှင့် သင်းမြတ်ဆွေတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၂၅၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့နယ် မန္တလေး-လားရှိုးသွားကားလမ်း နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီး၌ လားရှိုးမှ နောင်ချိုဘက်သို့ ကျော်မင်းဦး (ခ)ယောနမောင်းနှင်ပြီး မသင်းမြတ်ဆွေ(ခ)ယဉ်လှ လိုက်ပါလာသည့် မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၅၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၉ သိန်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်း၊ မြဝတီနှင့် မြိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် မိုးညှင်းမြို့ ဟဲလုံကျေးရွာအုပ်စု သီတာရပ်ကွက် (ကွက်သစ်)နေ ဇော်မြင့်ဦး၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ မဇင်မာဖြိုးအား တွေ့ရှိပြီး ဘိန်းစိမ်း ၆ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မြတ်လင်းအေးမြိုင်လမ်းတွင် စောထူး (ခ) စန်းထွေး မောင်းနှင်ပြီး ပိုင်ပိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၅၀၊ ငွေကျပ် ၅၃၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ဖေယျာသီရိ(၃)ရပ် ခူဒိုင်လမ်းနေ မမိုးမိုးအေး (ခ)မိုးအေး၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၇ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**
ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် အောက်တိုဘာ ၁၀**
မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ **စာတည်း**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၀-၂၀၂၁ တနင်္လာနေ့

### MRTV HD

- **၀၆:၀၀** ပဋ္ဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်နှင့် ရေအာဟာရ
- **၀၉:၂၀** မွေးမြူရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ဘဝနှင့်အနုပညာ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၀၅** This Week's Special Interest
- **၁၇:၃၀** ကျန်းမာရေးမဂ္ဂဇင်း 'တုပ်ကွေးရောဂါနှင့်တိုင်းရင်းဆေးပညာ'
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သံစဉ်ချိုမြ မြန်မာတေးအလှ
- **၁၉:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်သောင်ရာ' (အပိုင်း-၇၇)
- **၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်'

### mitv

- **07:01** News
- **07:27** Myanmar Sculpture-work of Art
- **07:42** South Okkalapa Pagoda
- **08:01** Myanmar Masterclass: Min Wae Aung
- **08:14** Moyingyi Wildlife Sanctuary
- **08:32** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- **08:47** Let's Taste Delicious Insects
- **09:01** Travelogue: Ngwe Saung Beach
- **09:21** The Third Prize Winner
- **09:38** Discovering Tribes: Da Nu (Their Life and Customs) (Part-1)
- **10:29** Today Myanmar: Tea Export
- **10:54** Thadingyut Lighting Festival
- **11:24** Irrawaddy Dolphin (Part-2)
- **11:54** Myanma Traditional Art, Silversmith

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ခရုဟင်း
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်ရိုးရာဖိနပ်လုပ်ငန်း
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** သာယာလှပဝင်းရော်ဒေသ
- **ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** ဆန်းပြားလှသည့်ချင်းရိုးရာ နှာခေါင်းပလွေမှုတ်
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်းရိုးရာ ဆေးအိုး ဆေးတံအကြောင်း
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်စာပေသင်ကြားရအောင် (အပိုင်း-၄)
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** အိပ်မက်ကကြိုးကာခုန်သူ
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ရိုးရာယဉ်ကျေးမှုပြခန်း
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ခရူးရိုးရာခေါင်းပေါင်းပေါင်းနည်း

### MRTV Parliament

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

### MRTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်မြို့ စက်သုံးဆီဈေးကွက် ယခုရက်ပိုင်းအတွင်း အနည်းငယ်ကျဆင်းလာ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့တွင် ပြီးခဲ့သောလအနည်းငယ်အတွင်း၌ စက်သုံးဆီ စံချိန်တင်ဈေးမြင့်ခဲ့သော်လည်း ယခုရက်အနည်းငယ်အတွင်း စက်သုံးဆီဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များမှ သိရသည်။

"ဒီရက်ပိုင်းအတွင်း စက်သုံးဆီဈေးတွေ အနည်းငယ်တော့ ပြန်လည်ကျဆင်းလာတာတွေ့ရတယ်။ ပြီးခဲ့တဲ့လကုန်ပိုင်းကစပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း ဆီဆိုင်တွေကို ပုံမှန်ဈေးအတိုင်း ရောင်းချပေးဖို့ နှိုးဆော်တယ်ကြားတယ်။ ကျွန်တော် အငှားယာဉ်မောင်းလုပ်တာ ဆယ်စုနှစ်ကျော်ခဲ့ပြီ။ တစ်ခါမှ အခုလောက်ထိ မရုန်းကန်ခဲ့ရဖူးဘူး။ ပြီးခဲ့တဲ့ လပိုင်းတွေကဆို ဆီဈေးတွေက အတော်ကိုမြင့်တက်သွားတော့ ကားတောင်ရပ်နားထားလိုက်ရတယ်" ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းတစ်ဦးဖြစ်သည့် ကိုမြင့်ကျော်က ပြောသည်။

ပြီးခဲ့သော စက်တင်ဘာလအတွင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်သူများသက်သာသော ဈေးနှုန်းဖြင့် စက်သုံးဆီရယူသုံးစွဲနိုင်ရေး နိုင်ငံတစ်ဝန်း စက်သုံးဆီအရောင်းဆိုင် ၂၁၃ ဆိုင်နှင့် ညှိနှိုင်းကာ အထူးဆိုင်များအဖြစ် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့အတွင်းရှိ အဆိုပါ သတ်မှတ်ဆိုင်များတွင် ကားများ တန်းစီဝယ်ယူမှုများရှိသဖြင့် တချို့ဆိုင်များမှာ လတ်တလော ပေါက်ဈေးထက်ဈေးနှုန်းချ ရောင်းရသဖြင့် သတ်မှတ်လီတာထက် အနည်းငယ် လျှော့နည်း ရောင်းချမှုများလည်း ရှိနေကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

ယင်းအထူးဆိုင်များကို ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်း စက်သုံးဆီအရောင်းဆိုင်များ၌ စက်တင်ဘာ ၂၂ ရက်မှ စတင်ခဲ့ရာ Ron92 တစ်လီတာလျှင် ၁၁၂၂ ကျပ်ဖြင့် လည်းကောင်း၊ ရိုးရိုးဒီဇယ် တစ်လီတာလျှင် ၁၁၁၇ ကျပ်ဖြင့် လည်းကောင်း၊ ပရီမီယမ်တစ်လီတာလျှင် ၁၁၂၄ ကျပ်ဖြင့် လည်းကောင်း အသီးသီးသတ်မှတ်ဈေးနှုန်းများအတိုင်း ပြည်သူများအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချခဲ့ကြသည်။ သို့သော် ယင်းအထူးဆိုင်များမှာ သတ်မှတ်ခွဲတမ်းကုန်လွန်သဖြင့် ယခုအခါ မူလအတိုင်း ပုံမှန် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်ကို တွေ့ရစဉ်။

ရန်ကုန်မြို့တွင်း ယနေ့စက်သုံးဆီအရောင်းဈေးနှုန်းများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၁၄၅၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ကျပ် ၁၄၉၀၊ ရိုးရိုးဒီဇယ် တစ်လီတာလျှင် ကျပ် ၁၄၇၀ ဖြစ်ပြီး ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၁၄၇၅ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ စက်သုံးဆီအရောင်းဆိုင်များအပေါ်မူတည်၍ ဈေးအနည်းငယ်ကွာခြားမှုရှိနိုင်သော်လည်း ယခင်လစက်သုံးဆီဈေးနှုန်းများထက် ဆိုင်တိုင်းတွင် အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ - မိုးမခ**

# စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၀**

## သူတို့လောက သူတို့ဘဝ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် တတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည်(ပြည်)၏ "သူတို့လောက သူတို့ဘဝ" စာအုပ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝက်ထီးကန်မြို့ရှိ ကျေးရွာတစ်ရွာမှ ကျွဲ၊ နွားဝိဇ္ဇာ ဆရာတစ်ဦးကို ဇာတ်ကောင်အဖြစ်ထားရှိ၍ နွားတို့၏ သဘာဝ၊ စိတ်နေစိတ်ထား၊ အသွေးအရောင်၊ ညဉ်ဆိုး ညဉ်ကောင်း စသည်တို့ အပြင် မြန်မာ့ဓလေ့ထုံးစံများအတွင်းရှိနွားနှင့်စပ်ဆိုင်သည့် အကြောင်းရပ်များ ပါဝင်သည်။

ဘဝပေးအခြေအနေအရ ဘဝကြမ်းကြမ်းကို ဖြတ်သန်းနေရသော်လည်း သူတို့၏စိတ်သန္တာန်ဝယ် ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ်၊ အမှားကိုကျူးလွန်မိပြီးသည့်နောက် နောင်တတရားနှင့်အတူ အမှန်ကို ခွဲခြားသိမြင်လာစိတ် စသည်တို့ ကိန်းဝပ်လျက်ရှိနေကြောင်း ပေါ်လွင်အောင် ဖော်ပြထားသည်။ ကျေးလက်ဒေသ လူနေမှုဘဝ၊ လယ်ယာလုပ်ငန်းခွင်တွင် အရေးပါသည့် 'နွား'အကြောင်းနှင့် နွားအရောင်းအဝယ်ဈေးကွက်ကို အသေးစိတ်လေ့လာပြီး သုတရောစွက်ကာ ရေးဖွဲ့ထားသော ဝတ္ထုကောင်းတစ်အုပ်ဖြစ်ပါသည်။

## ထနေ့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ဇော်လွင်ဦး (ဟသ်ာတ) ၏ "ထနေ့" စာအုပ်ကို ငွေကျပ် ၁၆၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ တောင်ပို့လှကျေးရွာဝန်းကျင်တွင် တွေ့ရသော လူသိနည်းလှသည့် ထနေ့တိုင်းရင်းသားတို့၏ ဘဝနှင့်ဒေသအကြောင်းကို ရေးသားတင်ပြထားသည်။ ထို့ပြင် ထနေ့တိုင်းရင်းသားများနှင့် ပတ်သက်၍ ဒေသန္တရ ပထဝီဝင်၊ ပျံ့နှံ့ရာဒေသနှင့် လူဦးရေ၊ ဘာသာရေးနှင့် ထုံးတမ်းစဉ်လာ၊ ယုံကြည်မှု၊ ဓလေ့စရိုက်၊ စာပေနှင့်ဘာသာစကား၊ လူမှုရေး၊ ရိုးရာပွဲတော်၊ စီးပွားရေး၊ အုပ်ချုပ်ရေးအကြောင်းတို့ကို ပြည့်ပြည့်စုံစုံရေးသားထားသည့်အပြင် ဓာတ်ပုံများနှင့်လည်း အားဖြည့်ထားသဖြင့် ဗဟုသုတများစွာရသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်များကို အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ကြေးမုံ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၂၆၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၁၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၉-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၅,၂၆၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၁၈) ဦး တွေ့ရှိရပါသည်။ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈ ဒသမ ၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၅၀၄,၀၉၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၈,၆၅၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၀၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၁,၂၇၅)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၀) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၉,၉၀၀,၈၂၃)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၄,၁၁၂,၇၀၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၇၈၈,၁၁၆)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၉-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၄,၀၁၃,၅၃၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၇၁)ခု | (၃၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၃)ခု | (၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၉)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၁)ခု | (၂၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄)ခု | (၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၁၈)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၇)ခု | (၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၈၆)ခု | (၁,၁၅၂)ဦး |
| စုစုပေါင်း | (၁၅,၂၆၉)ခု | (၁,၃၁၈)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၉-၁၀-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၇၈၈,၁၁၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၄,၁၁၂,၇၀၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၉,၉၀၀,၈၂၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၄,၀၁၃,၅၃၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၁၇၉၂၀၉ | ၃၄၆၃၀၆၅၄ | ၇၃၃၀၅၈ |
| ၂။ | အိန္ဒိယ | ၃၃၉၅၃၄၇၅ | ၃၃၂၇၁၉၁၅ | ၄၅၀၆၂၁ |
| ၃။ | ဘရာဇီး | ၂၁၅၆၇၁၈၁ | ၂၀၇၆၀၃၄၈ | ၆၀၀၈၈၀ |
| ၄။ | ဗြိတိန် | ၈၁၂၀၇၁၃ | ၆၆၁၉၆၁၈ | ၁၃၇၆၉၇ |
| ၅။ | ရုရှား | ၇၇၇၅၃၆၅ | ၆၈၅၈၁၁၉ | ၂၁၆၄၁၅ |
| ၆။ | တူရကီ | ၇၄၁၆၁၈၂ | ၆၈၆၇၇၀၄ | ၆၅၉၈၄ |
| ၇။ | ပြင်သစ် | ၇၀၅၂၅၂၀ | ၆၈၃၈၂၈၉ | ၁၁၇၀၄၄ |
| ၈။ | အီရန် | ၅၇၀၂၈၉၀ | ၅၂၁၇၉၉၉ | ၁၂၂၅၉၂ |
| ၉။ | အာဂျင်တီးနား | ၅၂၆၅၂၂၈ | ၅၁၃၁၂၇၉ | ၁၁၅၄၅၈ |
| ၁၀။ | စပိန် | ၄၉၇၃၆၁၉ | ၄၈၀၀၆၉၃ | ၈၆၇၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၂၇၉၃၂ | ၄၀၆၀၈၅၁ | ၁၄၂၆၅၁ |
| ၂။ | ဖိလစ်ပိုင် | ၂၆၆၆၅၆၂ | ၂၅၃၆၀၁၁ | ၃၉၆၂၄ |
| ၃။ | မလေးရှား | ၂၃၃၂၂၂၁ | ၂၁၈၄၇၁၀ | ၂၇၂၆၅ |
| ၄။ | ထိုင်း | ၁၇၁၀၈၈၄ | ၁၅၈၂၃၁၃ | ၁၇၆၉၁ |
| ၅။ | ဗီယက်နမ် | ၈၃၉၆၆၂ | ၇၈၂၁၉၉ | ၂၀၅၅၅ |
| ၆။ | မြန်မာ | ၄၇၈၆၅၁ | ၄၃၁၂၇၅ | ၁၈၁၃၄ |
| ၇။ | စင်ကာပူ | ၁၂၄၁၅၇ | ၉၈၀၂၈ | ၁၅၃ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၄၈၁၀ | ၁၀၇၈၅၇ | ၂၅၀၆ |
| ၉။ | လာအို | ၂၈၅၄၀ | ၂၂၂၆၀ | ၂၆ |
| ၁၀။ | ဘရူနိုင်း | ၈၉၈၀ | ၆၆၉၀ | ၆၄ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၈-၁၀-၂၀၂၁ ရက်နေ့မှအဆက်**

မဝင်းရီသည် ရုံခါ၌ ခင်ခင်ကြီးထံ ရောက်လာတတ်သည်။ ကျောင်းလွှတ်ချိန်များတွင် လာရောက်စောင့်ဆိုင်းရင်း စကားစမြည် ပြောတတ်သည်။

ယခုအခါတွင် မဝင်းရီမှာ အချိန်ပြည့်စျေးသည် ဖြစ်နေပေပြီ။ ကျောင်းထွက်လိုက်ရပေပြီ။ မဝင်းရီထံမှ သပိတ်သတင်းများကို ခင်ခင်ကြီး ကြားရသည်။ တစ်ကြိမ်က ကိုကိုပြောထားဖူးသဖြင့်လည်း သပိတ်ကိစ္စကို ခင်ခင်ကြီး စိတ်ဝင်စားနေသည်။

ကိုကိုမှာထားသဖြင့် ခင်ခင်ကြီးသည် မဝင်းရီကို ငွေလိုမလိုမေးသည်။

“လောလောဆယ်တော့ အကြော်ရောင်းရတဲ့ ပိုက်ဆံနဲ့ပဲ စားလောက်သောက်လောက်ရှိသေးတယ်။ လိုရင်တော့ မမဝင်းပြောပါမယ်” ဆိုသည်။

မဝင်းရီနှင့် တွေ့ရလေမှပင် ကိုကို့အပေါ် ဒေါသဖြစ်ရသည်။ မဝင်းရီထံ တစ်ပတ်လျှင် စာတစ်စောင်မှန်မှန်ရေးသည်ဟုဆိုသည်။ ခင်ခင်ကြီးထံသို့မူ ကိုကို စာမရေးသည်မှာ ကြာချေပြီ။

ခင်ခင်ကြီးသည် ကိုကို့အပေါ် စိတ်ကောက်နေလိုက်သည်။ စာမရေးခဲ့။ ကိုကိုမရေးသမျှ မရေးဟု သန္နိဋ္ဌာန် ချထားလိုက်သည်။

ရုံခါတွင်မူ ခင်ခင်ကြီးသည် တစ်စုံတစ်ယောက်ထံမှစာကို မျှော်လင့်မိသည်။ မောင်မောင်ဦးထံမှ စာတစ်စောင်တလေဖတ်ရလျှင် အကောင်းလေသားထင်မိသည်။ သို့ပေမဲ့ မောင်မောင်ဦးထံမှ စာကို ရဖို့ဆိုသည်မှာ တွေးစကောင်းပင်မဟုတ်။ အိမ်သို့ စာလာပါကအခက်။ ကျောင်းသို့ စာထည့်မည်ဆိုလျှင်တော့ မည်သည့်နည်းနှင့်မျှ ခင်ခင်ကြီး၏လက်သို့ ရောက်မလာနိုင်။ ဆရာက ဖောက်ဖတ်ပြီး မီးရှို့ပစ်လေမည်ပင်။

အိမ်တွင် ရုံခါ၌ ဖေဖေနှင့်အတူ လူအချို့စကားဝိုင်းဖွဲ့ကြသည်။ သပိတ်အကြောင်း ပြောကြဆိုကြဆွေးကြ၊ နွေးကြသည်။ ဖေဖေတို့ အလေးအနက်ပြောနေကြသည်ကိုထောက်၍ ပြဿနာမှာ ပိုမိုကြီးထွားလျက်ရှိလေပြီဟု ထင်ရသည်။ အရေးကြီးသော အချိန်ကာလနှင့် နီးကပ်လာပြီဟု ထင်မိသည်။

စကားဝိုင်းများ၌ ဖေဖေ့အသံသည် အခြားအသံများကို လွှမ်းမိုးနေလေ့ရှိသည်။ ဖေဖေ၏ စကားများကိုထောက်၍ သပိတ်မှောက် အလုပ်သမားများအပေါ်တွင် အယုံအကြည်ကင်းမဲ့သည်ဟု ခင်ခင်ကြီး ကောက်ချက်ချမိသည်။ အလုပ်သမားများ၏ အင်အားထုထည်အပေါ် အထင်ကြီးပုံမရ။ အလုပ်သမားများ၏ အစွမ်းအစကို အထင်သေးသည်။

“အလကားဟာတွေပါ။ သူတို့မှာ ဘာပညာမှ မရှိဘဲနဲ့ သပိတ်မှောက်မယ်ဟေ့ဆိုပြီး ထမှောက်ကြတာ၊ ကျုပ်တို့ ဗမာလူမျိုးဆိုတာလည်း အခက်သားကလား။ ချွေးချင်းကိုက်တာကအစ ဝိုင်းကြည့်တတ်တာမျိုး။ ထစ်ခနဲရှိ တကောင်း အဘိရာဇာ သာကီဝင်မျိုးလေး ဘာလေးနဲ့။ တကယ်တမ်းကျတော့ ဘာမှသတ္တိရှိတာ မဟုတ်ပါဘူး။ မိုက်ရူးရဲတွေပါ”

ဖေဖေသည် ယင်းသို့ နှိမ့်နှိမ့်ချချပြောလေ့ ပြောထရှိသည်။

အများအားဖြင့် ဖေဖေနှင့် အပေါင်းအသင်းပြုတတ်ကြသည်မှာလည်း အင်္ဂလိပ်အစိုးရ လခစားအရာရှိများ၊ ဘီအိုစီမှ စာရေးစာချီ အစရှိသူများဖြစ်ကြသည်။ ဗမာကို ဗမာချင်း အထင်မကြီးသူများ ဖြစ်ကြသည်။ နေမဝင် အင်ပါယာကြီးကို လေးစားသူများ ဖြစ်ကြသည်။ သို့ဖြစ်၍လည်း မျက်နှာဖြူများအပေါ် အထင်ကြီးသော ဖေဖေနှင့် သူတော်ချင်းချင်း သတင်း လွှေ့လွှေ့ပေါင်းဖက်တွေ့ကြခြင်းပင်ဖြစ်မည် ထင်ရပါသည်။

“ဖြိုတိသျှလူမျိုးတွေ ကမ္ဘာကြီးတစ်ခုလုံးကို တစ်နေ့မဟုတ် တစ်နေ့မှာ စိုးပိုင်နိုင်လိမ့်မယ်ဆိုတာ ကျုပ်တော့ အကြွင်းမဲ့ယုံတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဒစ်ပလင်လို့ခေါ်တဲ့ စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်မှုပညာကို အင်မတန် ကျွမ်းကျင်ကြတာကလား။ လူတွေမှာ အရေးကြီးတာက စည်းကမ်းစနစ်နဲ့ စီမံခန့်ခွဲမှုပဲ မဟုတ်လား”

ဖေဖေ၏ ချီးမွမ်းစကား။

သို့နှင့်အမျှ ဖေဖေသည် နေထိုင်စားသောက်ခြင်းများကို အင်္ဂလိပ်ပုံတူကူးချင်သည်။ အနောက်ဆန်ချင်သည်။ သူ၏လုပ်ငန်းနှင့် ပတ်သက်၍လည်း အထားအသို အစီအမံမှာ အင်္ဂလိပ်ပုံစံအတိုင်း ဖြစ်သည်။

မည်သည့်နေရာတွင်မဆို တင်းမာသည်။ ခက်ထန်သည်။ မာကျောသည်ဆိုစေ မျက်နှာဖြူအရာရှိ အရာခံများ အပေါ်တွင်မူ ပျော့ပျောင်းသည်။ ညင်သာသည်။ သိမ်မွေ့သည်။ လေးလေးစားစား ဆက်ဆံတတ်သည်။

ပြီးလျှင် ဖေဖေသည် အလုပ်သမားဟူသည် ဝင်္ကြွေး မကင်းသူ၊ ဘဝဘဝများက အလှူအတန်း အစွန့်အကြဲ နည်းခဲ့သူ၊ ကုသိုလ်တရားခေါင်းပါးသူ။ သို့ဖြစ်၍ သည်ဘဝတွင် သည်သို့ ဆင်းဆင်းရဲရဲ မွဲမွဲတေတေနေထိုင်ကြသူများ ဖြစ်လာရသည်ဟု ရိုးရာအယူဝါဒ အစွဲအလမ်းအရ ယုံကြည်သူ ဖြစ်သည်။

“လူမှာ ကမ္မာဝါစရ ကုသိုလ်ဆိုတာရှိတယ်။ လူတွေကို ကံတရားကပြုပြင်နေတယ်။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဆိုတာလိုပေ့ါ။ ကုသိုလ်ကံမပါဘဲ ဘယ်တော့မှ မကြီးပွားဘူးမှတ်”

ဖေဖေ ဆိုတတ်သည်။

ဖေဖေသည် အချို့နေရာများတွင် အတွေးအယူ အမြော်အမြင် ကြီးမားနက်ရှိုင်းသော်လည်း အချို့နေရာတွင်မူ အယူအဆ တိမ်သည်။

စင်စစ်တွင် ဤသည်ကိုလည်း ဆန်းသည်ဟူ၍တော့ မသိသာ။ သူကိုယ်တိုင်က ကြံစည်တိုင်း ဖြစ်နေချိန်တွင် အထက်စီးမှ ရနေချိန်တွင် တစ်ပါးသူအပေါ် အထက်စီးမှ အမြင်ကိုပင် မြင်ပေလိမ့်မည်။ တစ်ပါးသူ၏ လုပ်ရပ်များအပေါ်တွင် အထင်တကြီးမရှိဘဲ နှိမ့်ချလိုစိတ်ရှိမည်မှာ ဓမ္မတာပင်။

ဖေဖေသည် လောလောဆယ်၌ မကင်းရာ မကင်းကြောင်း ဆိုသလို ဘီအိုစီမှအရာရှိများ၊ အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်များနှင့် အဆက်အဆံပြုရသည်။ ယင်းပုဂ္ဂိုလ်တို့၏ စကားကို နားဝင်ပဟန်ရှိသည်။ ယင်းပုဂ္ဂိုလ်တို့၏ အခက်အခဲကိုသာ မြင်ပုံရသည်။

အလုပ်သမားလောကနှင့် ကင်းကွာသည်နှင့်အမျှ အလုပ်သမားများ၏ ဒုက္ခသုက္ခကိုမူ စာနာတတ်ပုံမရချေ။ ဖေဖေ၏အမြင်သည် တစ်ဖက်သတ်အမြင်၊ ဖေဖေ၏ အတွေးသည် တစ်ဖက်သတ်အတွေးသာ ဖြစ်ပေလိမ့်မည်ဟု ထင်ရပါသည်။

တစ်နေ့တွင် မဝင်းရီသည် ခင်ခင်ကြီးကို လာတွေ့သည်။ နေ့လယ် မုန့်စားကျောင်းအဆင်းတွင် လာတွေ့ခဲ့ခြင်းဖြစ်သည်။

“ညီမ ကြားပြီးပြီလားဟင်”

မမဝင်း၏ အမေး။ ယင်းအမေးကို ရုတ်တရက် ခင်ခင်ကြီး နားမလည်မိ။

“ဘာကိုလဲ မမဝင်းရီ”

“သပိတ်တပ်သားတွေ ရန်ကုန်ကို ချီတက်ဆန္ဒပြဖို့ ချောက်က ရောက်လာကြပြီ ဆိုတာလေ”

ယင်းစကားကို ကြားရလျှင် ခင်ခင်ကြီး အံ့အားသင့်ရသည်။

“ရန်ကုန်အထိလား”

“ဒါပေ့ါ”

“အဝေးကြီးပဲ”

“ဟုတ်တယ်၊ မိုင်လေးရာ ဝေးတယ်”

“ဘာနဲ့သွားမှာလဲ မမဝင်းရီ”

“ခြေကျင်”

“ဘုရားရေ၊ ဒီခရီးကို ခြေကျင်ချီတက်မယ်လား မဝင်းရီ”

“ဟုတ်တယ်။ သပိတ်အရေးတော်ပုံ အဆုံးမသတ်သေးဘူးဆိုတာရယ်၊ တောင်းဆိုထားတဲ့ အခွင့်အရေးတွေ ရအောင်ရယ်။ ဘီအိုစီရဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကို တိုင်းပြည်က သိအောင် ဖော်ထုတ်ဖို့ရယ်အတွက် ချီတက်ဆန္ဒပြကြမှာ။ ရန်ကုန်က ဘုရင်ခံအိမ်ကို ဝိုင်းကြမှာ”

ခင်ခင်ကြီးမှာ မဝင်းရီ၏ စကားကို မယုံချင်လောက်အောင် ရှိရသည်။ မယုံနိုင်လောက်အောင် ရှိရသည်။

“လူဘယ်နှယောက်သွားမှာလဲ မမဝင်းရီ”

“အများကြီးပဲ။ ချောက်ကထွက်တော့ တစ်ထောင်လောက်ရှိတယ်။ ချောက်၊ ရေနံကြတ်၊ လမ်းရွာက အလုပ်သမားတပ်ဖွဲ့ ရှစ်ဖွဲ့ပါတယ်။ နတ်တော်လဆန်း ရှစ်ရက်နေ့က အစည်းအဝေးလုပ်၊ ဆုံးဖြတ်ချက်ချပြီး ကိုးရက်နေ့က ထွက်လာခဲ့ကြတာ။ ရေနံတပ်ဖွဲ့ရဲ့ ဗိုလ်ချုပ်က အာဠာဝက သခင်ဖိုးလှကြီးတဲ့”

“ဘာလဲဟင် အာဠာဝကဆိုတာ ...။ ခင်ကြီးသိရသလောက်တော့ အာဠာဝကဆိုတာ ဘီလူးကြီးပဲ”

ခင်ခင်ကြီး၏ စကားကြောင့် မဝင်းရီပြုံးရသည်။

“အာဠာဝက သခင်ဖိုးလှကြီးဆိုတာကတော့ လူပါ။ စိတ်ကြမ်းကိုယ်ကြမ်း ရှိတယ်လို့ ပြောကြတယ်။ ဒါကြောင့် အာဠာဝကလို့ ခေါ်ကြရာက နာမည်တွင်သွားတာ ထင်ပါရဲ့။ သူ့စစ်ပြန် စစ်တပ် စည်းကမ်း စနစ်ကို နားလည်တယ်။ သူ့ကို ရေနံတပ် ဗိုလ်ချုပ်ခန့်လိုက်တယ်လို့ သိရတယ်။ အစည်းအဝေးလုပ်တဲ့ညက ညတွင်းချင်းပဲ မမဝင်းတို့ဆီကို သတင်းရောက်လာတယ်။ သပိတ်တပ် ရောက်လာရင် အကူအညီပေးဖို့ပေ့ါ။ မနက်ဖြန်ဆိုရင် ရေနံတပ် ရောက်လာမှာပဲ။ အဲဒါ”

မဝင်းရီက ရုတ်တရက် စကားဖြတ်ချလိုက်သဖြင့် ခင်ခင်ကြီးသည် မဝင်းရီ၏မျက်နှာကို ဖျတ်ခနဲ မော့ကြည့်မိသည်။ မဝင်းရီမှာ တစ်စုံတစ်ရာကို ပြောလိုလျက် ရှိသည်။ ပြော၍မထွက်နိုင်ဘဲ ရှိပုံရသည်။

“အဲဒါ ဘာဖြစ်သလဲ မဝင်းရီ”

ခင်ခင်ကြီးက စကားထောက်သည်။

မဝင်းရီသည် သက်ပြင်းတစ်ချက်ကို မသိမသာ ရှိုက်သည်။

“အဲဒါနဲ့ပတ်သက်ပြီး ညီမဆီက အကူအညီတစ်ခု တောင်းချင်လို့”

“သိပြီ မမဝင်းရီ၊ ငွေရေးကြေးရေး မဟုတ်လား”

“ဆိုပါတော့။ အားတော့နာပါတယ်။ ညီမသိတဲ့အတိုင်း မမဝင်းတို့မှာက တစ်နေ့ရမှ တစ်နေ့စား မဟုတ်လား။ ရေနံတပ်သားတွေအတွက် သူများနည်းတူ ပြုစုချင်တယ်။ လက်ထဲမှာက ငွေမရှိဘူး”

ခင်ခင်ကြီးသည် စကားပြောရင်း ညှိုးရော်ကျသွားသည့် မဝင်းရီ၏မျက်နှာကို စူးစိုက်ကြည့်မိသည်။ ကရုဏာသက်စွာ ကြည့်မိခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် မဝင်းရီ တောင်းခံလာသည့် ငွေကြေးအတွက် စဉ်းစားမိသည်။

ခင်ခင်ကြီးတွင် လောလောဆယ် ငွေမရှိ။ မုန့်ဖိုးမျှသာပါသည်။

“ငွေဘယ်လောက် လိုချင်တာလဲ မမဝင်းရီ”

“အစိတ်လောက်ပါ”

ခင်ခင်ကြီးသည် လက်ကောက်တစ်ရန်ကို ချွတ်လိုက်သည်။ မဝင်းရီအား ကမ်းပေးလိုက်သည်။

မဝင်းရီသည် ခင်ခင်ကြီး၏ လက်ကောက်ကို လှမ်းမယူ မျက်နှာကိုသာ စူးစိုက်ကြည့်သည်။

“ညီမမှာ ငွေမလွယ်ဘူးထင်တယ်”

“အဲဒီငွေလောက်တော့ ဘယ်လွယ်မလဲ မမဝင်းရီရဲ့။ ခင်ကြီးလည်း အိမ်က မုန့်ဖိုးလောက်ပဲရတဲ့ဥစ္စာ။ ဒါပေမဲ့ ဒီလက်ကောက်ကိုပဲ ယူသွားပါ။ ပေါင်ချင်ပေါင်၊ ရောင်းချင်ရောင်း၊ ကြိုက်သလိုသာလုပ်”

ခင်ခင်ကြီး၏ စကားမဆုံးမီ မမဝင်းရီ ဖြတ်ပြောသည်။

**ဆက်လက်ဖော်ပြပါမည်။**

ခင်ခင်ကြီးသည် တစ်စုံတစ်ယောက်ထံမှစာကို မျှော်လင့်မိသည်။ မောင်မောင်ဦးထံမှ စာတစ်စောင်တလေဖတ်ရလျှင် အကောင်းလေသား ထင်မိသည်။ သို့ပေမဲ့ မောင်မောင်ဦးထံမှ စာကိုရဖို့ဆိုသည်မှာ တွေးစကောင်းပင်မဟုတ်။ အိမ်သို့စာလာပါကအခက်။ ကျောင်းသို့စာထည့်မည်ဆိုလျှင်တော့ မည်သည့်နည်းနှင့်မျှ ခင်ခင်ကြီး၏လက်သို့ ရောက်မလာနိုင်။ ဆရာကဖောက်ဖတ်ပြီး မီးရှို့ပစ်...

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁၈ | စက်မှု | ၎င်း | ၄,၃၄၂.၅၂၁ | | | | | ၁,၆၂၅.၇၆၄ | | | | | ၅,၉၆၈.၂၈၅ |
| ၁၉ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁၃,၁၇၀.၁၁၀ | | | | | ၁,၅၉၂.၉၅၀ | | | | | ၁၄,၇၆၃.၀၆၀ |
| ၂၀ | အလုပ်သမား | ၎င်း | ၆,၅၄၉.၇၅၈ | | | | ၈၉.၃၂၀ | ၄၉၄.၈၈၂ | | | | | ၇,၁၃၃.၉၆၀ |
| ၂၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၆,၅၂၄.၆၉၅ | | | ၂.၂၅၄ | ၃.၀၀၀ | ၂,၉၈၈.၀၄၁ | | | ၅၁.၀၀၀ | | ၉,၅၆၈.၉၉၀ |
| ၂၂ | ပညာရေး | ၎င်း | ၈၉၀,၀၈၅.၀၃၅ | | | ၄၅၆.၀၈၁ | ၄၂၆.၂၆၈ | ၂၇၅,၂၉၄.၄၆၅ | | | | | ၁,၁၆၆,၂၆၁.၈၄၉ |
| ၂၃ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၄၅,၂၄၁.၇၀၇ | | | | ၁၇၁.၃၆၁ | ၈၄,၉၅၈.၆၆၆ | | | | | ၁၃၀,၃၇၁.၇၃၄ |
| ၂၄ | ကျန်းမာရေး | ၎င်း | ၃၇၄,၁၇၆.၇၄၈ | | | ၁,၂၉၉.၈၇၆ | ၁.၇၃၆ | ၁၂၂,၀၀၁.၀၁၈ | | ၂,၂၅၂.၂၁၃ | | | ၄၉၉,၇၃၁.၅၉၁ |
| ၂၅ | အားကစားနှင့်လူငယ်ရေးရာ | ၎င်း | ၉,၄၁၁.၁၀၉ | | | | ၄၅၅.၁၀၀ | ၂၇,၉၅၉.၀၃၀ | | | | | ၃၇,၈၂၅.၂၃၉ |
| ၂၆ | ဆောက်လုပ်ရေး | ၎င်း | ၄၀,၈၇၅.၃၀၈ | | | ၃၀၇.၅၁၃ | ၇,၅၂၀.၇၄၄ | ၃၈၉,၁၇၂.၆၃၇ | | ၄၅၆.၂၉၃ | | | ၄၃၈,၃၃၂.၄၉၅ |
| ၂၇ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၄၆,၁၄၃.၈၆၂ | | | ၁၄၄.၄၀၀ | ၃,၃၈၃.၀၈၈ | ၃,၆၀၅.၉၈၅ | | | | | ၅၃,၂၇၇.၃၃၅ |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၁,၈၉၄.၂၄၁ | | | | ၁၀၆.၄၀၀ | ၅၇.၇၁၆ | | | | | ၂,၀၅၈.၃၅၇ |
| ၂၉ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၁,၂၃၄.၆၉၆ | | | | ၇၅.၀၀၀ | ၁၉၉.၃၄၆ | | | | | ၁,၅၀၉.၀၄၂ |
| ၃၀ | ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ | ၎င်း | ၄၃၅,၈၇၅.၀၀၂ | | | | | | | | | | ၄၃၅,၈၇၅.၀၀၂ |
| ၃၁ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၆၄,၁၂၄.၀၀၀ | | | | | | | | | | ၆၄,၁၂၄.၀၀၀ |
| ၃၂ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | ၄၀၀.၀၀၀ | | | ၈၆,၁၆၁.၇၁၈ | | | | | | ၈၆,၅၆၁.၇၁၈ |
| ၃၃ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၄၁,၀၅၉.၇၈၂ | | | | | | ၄၁,၄၅၉.၇၈၂ |
| ၃၄ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၈,၀၁၅.၅၅၆ | | | | | | ၅၈,၄၁၅.၅၅၆ |
| ၃၅ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၇,၆၅၈.၆၆၈ | | | | | | ၇၈,၀၅၈.၆၆၈ |
| ၃၆ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၁၀၂,၁၃၈.၈၆၅ | | | | | | ၁၀၂,၅၃၈.၈၆၅ |
| ၃၇ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၁,၆၅၂.၅၁၀ | | | | | | ၇၂,၀၅၂.၅၁၀ |
| ၃၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၃,၄၆၀.၈၄၂ | | | | | | ၇၃,၈၆၀.၈၄၂ |
| ၃၉ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၈၈,၁၁၈.၉၇၂ | | | | | | ၈၈,၅၁၈.၉၇၂ |
| ၄၀ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၆၄,၈၆၅.၉၄၅ | | | | | | ၆၅,၂၆၅.၉၄၅ |
| ၄၁ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၀,၁၀၁.၄၄၄ | | | | | | ၅၀,၅၀၁.၄၄၄ |
| ၄၂ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၈၉,၉၄၈.၅၇၈ | | | | | | ၉၀,၃၄၈.၅၇၈ |
| ၄၃ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၈,၆၉၆.၃၄၁ | | | | | | ၅၉,၀၉၆.၃၄၁ |
| ၄၄ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၁၂၆,၄၃၄.၃၄၃ | | | | | | ၁၂၆,၈၃၄.၃၄၃ |
| ၄၅ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၄,၆၇၃.၄၈၉ | | | | | | ၇၅,၀၇၃.၄၈၉ |
| | ပေါင်း | | ၃,၄၇၉,၄၃၉.၁၇၃ | ၅၅,၆၀၀.၀၀၀ | ၁၀၀,၀၀၀.၀၀၀ | ၁,၄၈၆,၇၂၄.၁၉၁ | ၁,၃၈၅,၅၇၃.၄၇၀ | ၂,၄၈၄,၇၄၆.၂၉၃ | ၁၉၈.၀၀၀ | ၃၃၁,၃၂၈.၁၃၀ | ၂၃,၆၉၇.၃၁၁ | | ၉,၃၄၇,၃၀၆.၅၆၈ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၉,၄၂၀.၈၀၀ | | | | | | | | | ၄၉,၄၂၀.၈၀၀ |
| | ပေါင်း | | | | ၄၉,၄၂၀.၈၀၀ | | | | | | | | | ၄၉,၄၂၀.၈၀၀ |

စာမျက်နှာ ၁၉ သို့ ■

■ စာမျက်နှာ ၁၈ မှ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉,၉၇၀.၈၇၅ | | | ၄၇၈.၂၆၇ | | | | | ၂၀,၄၄၉.၁၄၂ |
| | ပေါင်း | | ၁၉,၉၇၀.၈၇၅ | | | ၄၇၈.၂၆၇ | | | | | ၂၀,၄၄၉.၁၄၂ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၅၈,၇၁၈.၈၀၉ | | | | | | ၄,၄၄၂.၃၈၅ | | | ၄၆၃,၁၆၁.၁၉၄ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၉၉၇.၀၀၀ | | | | | | | | | ၃,၉၉၇.၀၀၀ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၈၁,၀၇၅.၂၈၇ | | | | ၁၀,၂၄၅.၅၉၇ | | ၅၇၃,၄၀၆.၈၀၂ | | | ၆၆၄,၇၂၇.၆၈၆ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၉၇,၇၅၉.၀၁၃ | | | | | | | | | ၁၉၇,၇၅၉.၀၁၃ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၄၀၀,၆၂၁.၇၃၂ | | | | ၉,၀၈၁.၆၀၀ | | ၈၈,၄၃၄.၆၄၇ | ၉,၇၅၄.၆၈၂ | | ၃,၅၀၇,၈၉၂.၆၆၁ |
| ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၇,၆၀၆.၆၇၆ | | | | | | ၁,၅၂၀.၀၀၀ | | | ၃၉,၁၂၆.၆၇၆ |
| | ပေါင်း | | | | ၄,၁၇၉,၇၇၈.၅၁၇ | | | | ၁၉,၃၂၇.၁၉၇ | | ၆၆၇,၈၀၃.၈၃၄ | ၉,၇၅၄.၆၈၂ | | ၄,၈၇၆,၆၆၄.၂၃၀ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၂၂,၁၂၄.၉၀၆ | | | ၁၃,၇၁၇.၂၄၂ | ၄,၆၂၇.၃၀၀ | | | | ၄၄၀,၄၆၉.၄၄၈ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃,၈၅၁.၆၉၂ | | | ၇.၈၇၅ | | | | | ၃,၈၅၉.၅၆၇ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၈၃,၆၁၆.၄၈၈ | | | ၆၄၈,၆၄၂.၂၆၅ | | ၇၀,၀၅၇.၃၄၃ | | | ၈၀၂,၃၁၆.၀၉၆ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၀၂,၄၁၉.၅၇၀ | | | ၅၂၈.၃၃၈ | | | | | ၂၀၂,၉၄၇.၉၀၈ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃,၃၄၀,၉၃၉.၈၄၇ | | | ၁၇၆,၀၄၁.၃၄၃ | | ၁၄၁,၉၂၅.၄၉၂ | | | ၃,၆၅၈,၉၀၆.၆၈၂ |
| ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆၆,၄၂၇.၁၉၂ | | | ၃၅,၆၂၀.၉၇၇ | | ၇၃,၄၆၄.၀၅၅ | | | ၁၇၅,၅၁၂.၂၁၄ |
| | ပေါင်း | | ၄,၁၁၉,၃၇၉.၆၉၅ | | | ၈၇၄,၅၅၈.၀၄၀ | ၄,၆၂၇.၃၀၀ | ၂၈၅,၄၄၆.၈၉၀ | | | ၅,၂၈၄,၀၁၁.၉၃၅ |

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မ ပုံပြင်

# အသက်ပေး၍ စောင့်ထိန်းသူ

မင်းယုဝေ

တစ်ရံရောအခါ သာဝတ္ထိပြည်၌ တိဿမထေရ် အမည်ရှိ ရဟန်းမြတ်တစ်ပါးရှိသည်။ အရှင်မြတ်သည် ထိုပြည်ရှိ ကျောက်သွေးသမားအိမ်သို့ နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးသည်။

ကျောက်သွေးသမား ဇနီးမောင်နှံကလည်း မထေရ်ကို အမိ၊ အဖကဲ့သို့ ပြုစုလုပ်ကျွေးဒါန်းသည်။ ဤသို့ ပြုလာကြသည်မှာ ၁၂ နှစ်မျှ ကြာမြင့်လာခဲ့သည်။

တစ်နေ့တွင် ကျောက်သွေးသမားအိမ်သို့ မထေရ် ဆွမ်းခံကြွလာသည်။ ကျောက်သွေးသမားသည် ဟင်းချက်ရန်အတွက် မထေရ်၏ ရှေ့၌ပင် အမဲသားကို ခုတ်စဉ်းနေသည်။

ထိုစဉ် ကောသလမင်းကြီး၏ မင်းချင်းတစ်ယောက် ရောက်လာသည်။ မင်းကြီးက စေခိုင်းသဖြင့် မင်းကြီး၏ ပတ္တမြားကိုလာပို့ခြင်းဖြစ်သည်။

မင်းချင်းက.. “အဆွေ၊ မင်းကြီး၏ ဤပတ္တမြားကိုသွေး၍ အပေါက်ဖောက်ပေးပါ၊ ပြီးလျှင် ပြန်လည်ဆက်သပါ”ဟူ၍ မှာထား၏။

ကျောက်သွေးသမားလည်း “ကောင်းပါပြီ”ဟုဆို၍ သွေးပေကျံသောလက်ဖြင့်ပင် ပတ္တမြားကိုယူထားလိုက်သည်။ ထို့နောက် ပတ္တမြားကို ကြုတ်ပေါ်၌တင်ထားပြီးလျှင် အိမ်တွင်းသို့ဝင်၍ လက်သွားဆေးသည်။

ထိုအခိုက် အိမ်၌မွေးထားသော ကြိုးကြာငှက်သည် ပတ္တမြားကို အသားတုံးထင်မှတ်၍ ကောက်မျိုလိုက်သည်။ ယင်းကို မထေရ်က မြင်သည်။

ကျောက်သွေးသမား ပြန်ရောက်လာသော် ပတ္တမြားကို မတွေ့ရတော့ပေ။ ကျောက်သွေးသမားလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

“ပတ္တမြားကို ဘယ်သူယူသနည်း”ဟူ၍ မယားကိုလည်း မေးသည်။ သားကိုလည်း မေးသည်။ ထိုသူတို့က “မယူပါ”ဟူ၍ ဖြေကြ၏။

ဤတွင် “မထေရ် ယူသည် ဖြစ်လိမ့်မည်”ဟု ကြံ၍ မယားနှင့်တိုင်ပင်သည်။

မယားက.. “အမောင်၊ မထေရ်မြတ် ဆွမ်းခံကြွရောက်ခဲ့သည်မှာ နှစ်များစွာကြာခဲ့ပါပြီ၊ အပြစ်တစ်စုံတစ်ရာ မပြုခဲ့ပါ၊ ပတ္တမြားကို မထေရ်မြတ် ယူမည်မဟုတ်ပါ” ဟူ၍ဆိုသည်။ ကျောက်သွေးသမားသည် မယားစကားကိုမနာယူ။

“အရှင်ဘုရား၊ ပတ္တမြားကို အရှင်ယူပါသလား”ဟု မထေရ်အား မေး၏။

“ဒါယကာ၊ ငါ မယူပါ”ဟူ၍ မထေရ်မြတ်က ငြင်းဆို၏။

“အရှင်ဘုရား၊ ဤနေရာ၌ မည်သူမျှမရှိ၊ အရှင်ဘုရားသာလျှင် ယူရမည်၊ တပည့်တော်အား ပတ္တမြားကို ပြန်ပေးပါ”ဟူ၍ ကျောက်သွေးသမားက အတင်းအကျပ် တောင်းဆို၏။

မထေရ်ကလည်း ငြင်းဆို၏။ ကျောက်သွေးသမားက မယုံ၊ ညှဉ်းပန်းနှိပ်စက်၍ မေးမည်ပြုသည်။ မယားက တောင်းပန်သည်။

“အမောင်၊ ကျွန်မတို့ အပြစ်ဖြစ်အောင် မပြုပါနှင့်။ ပတ္တမြားကို မပေးနိုင်၍ မင်းကြီး၏ ကျွန်အဖြစ်သို့ ရောက်လျှင် ရောက်ပါစေ။ မထေရ်မြတ်ကို ပြစ်မှားသည်ထက် ကျွန်အဖြစ်သို့ ရောက်ခြင်းက မြတ်ပါသေးသည်”ဟူ၍ ဖျောင်းဖျ ပြောဆိုသည်။ ကျောက်သွေးသမားက မနာယူ။

“ငါတို့အားလုံး ကျွန်အဖြစ်သို့ရောက်သည့်တိုင် ပတ္တမြားတန်ဖိုးကို မမီနိုင်”ဟုဆိုကာ မထေရ်၏ ဦးခေါင်းကို ကြိုးဖြင့်ချည်နှောင်သည်။ ထို့နောက် တုတ်ဖြင့်ရိုက်သည်။

မထေရ်၏ ဦးခေါင်း၊ နားရွက်၊ နှာခေါင်းတို့မှ သွေးများယိုစီးကျလာသည်။ မျက်စိများ ထွက်လုမတတ်ဖြစ်လာသည်။ မထေရ်သည် ဒဏ်ရာများကြောင့် မူးမေ့၍ လဲကျသွားရှာသည်။

ထိုစဉ် ကြိုးကြာငှက်သည် မထေရ်၏ ဦးခေါင်းမှ ထွက်သောသွေးကို လာသောက်သည်။ ဒေါသထွက်နေသော ကျောက်သွေးသမားက ကြိုးကြာကို ခြေဖြင့်ကန်ကျောက်ပစ်လိုက်သည်။ ကြိုးကြာသည် တစ်ချက်တည်းဖြင့်ပင် သေဆုံး၍ ပက်လက်ဖြစ်နေလေသည်။

မထေရ်သည် သတိရသော် ကြိုးကြာ၏ဖြစ်အင်ကို မြင်တွေ့သည်။ ဤတွင် “ဒါယကာ၊ ကြိုးကြာ သေ၊ မသေ ကြည့်ပါလေ့”ဟု ဆို၏။

ကျောက်သွေးသမားက… “ကြိုးကြာ သေပြီ၊ သင်ရဟန်းလည်း ကြိုးကြာနည်းတူ သေရလတ္တံ့”ဟူ၍ ဆို၏။

ထိုအခါ မထေရ်က “ကြိုးကြာ မသေလျှင် ငါ မပြော၊ ယခု ကြိုးကြာ သေ၍သာ ငါ ပြောတော့မည်၊ ပတ္တမြားကို ကြိုးကြာပင် မျိုထား၏” ဟူ၍ အမှန်အတိုင်း ဖွင့်ဟပြောဆိုသည်။

ကျောက်သွေးသမားသည် ကြိုးကြာ၏ဝမ်းကို ခွဲကြည့်သည်။ ပတ္တမြားကို တွေ့မြင်သွားသည်။ ထိုအခါ တုန်လှုပ်ထိတ်လန့်သွားသည်။ မထေရ်၏ ခြေရင်း၌ ဝပ်၍…

“အရှင်ဘုရား၊ တပည့်တော်ကို သည်းခံတော်မူပါ၊ မသိ၍ တပည့်တော် ပြုမိပါသည်”ဟု တောင်းပန်သည်။

မထေရ်က… “သင့်မှာလည်း အပြစ်မရှိ၊ ငါ့မှာလည်း အပြစ်မရှိ။ သံသရာ ဝဋ်ဆင်းရဲ၏ အပြစ်သာဖြစ်သည်။ သင့်ကို ငါသည်းခံ၏”ဟု ဆို၏။

ထို့နောက် “ဒါယကာ၊ အိမ်သို့ ငါဝင်ရောက်သောကြောင့်သာ ဤအဖြစ်မျိုး ဖြစ်ရသည်။ ယနေ့မှစ၍ ငါသည် သူတစ်ပါး၏ အိမ်အမိုးအကာအောက်သို့ ဝင်တော့မည်မဟုတ်၊ ခြေဖြင့်သာ သွားနိုင်သမျှသွား၍ အိမ်ပေါက်ဝ၌သာ ရပ်လျက် ဆွမ်းခံတော့အံ့”ဟု မိန့်ကြား၏။

ထို့နောက် မထေရ်က… “ရဟန်းအတွက် အိမ်တိုင်း၌ အနည်းငယ်စီသော ဆွမ်းရှိ၏။ ငါ့၌ ခြေသလုံးစွမ်းအားရှိ၏။ ထို့ကြောင့် ငါ ဆွမ်းခံထွက်အံ့”ဟု မိန့်ဆိုလေသည်။

မကြာမီပင် မထေရ်သည် ရရှိသောဒဏ်ရာများကြောင့် ပရိနိဗ္ဗာန်စံဝင်သည်။ ကြိုးကြာငှက်သည်လည်း ကျောက်သွေးသမားမယား၏ ဝမ်း၌ ပဋိသန္ဓေနေသည်။ လူ့ဘဝသို့ ရောက်လာသည်။ ကျောက်သွေးသမားမှု သေလွန်သောအခါ ငရဲသို့ရောက်၏။ မထေရ်ကို ကြည်ညိုသော ကျောက်သွေးသမား၏ မယားကား သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေသတည်း။ ။ **(ဓမ္မပဒ၊ မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု)**

**ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၇)၊ (၁၅-၂-၆၉)

## ကဗျာ

### အိုသစ်ပင်

မြရောင်ဝေ၍
စိုပြေညှံ့သိပ်၊ ရွက်စိပ်စိပ်နှင့်
အရိပ်ပြန့်လွှင်၊ အိုသစ်ပင်။
တစ်မိုးလုံးလျှင်
ထစ်ချုန်းရိုက်ဟည်း၊ မိုးကြီးသည်း၍
လေကြီးကျတိုင်း၊ ဘယ်ညာကိုင်းသည်
အရိုင်း မူးသို့ သင်ရှုးတကား။
မိုးခါလွန်မြောက်၊ ဆောင်းသို့ရောက်လည်း
လေနှောက်လေရာ၊ ရွက်ဆောင်ရာသို့
သင့်မှာယိုင်ယိမ်း၊ ဘယ်ညာတိမ်းသည်
အစိမ်းပူးသို့ သင်ရှုးတကား။
နွေအဝင်ဝယ်
ကြွေစဉ်ရော်ရွက်၊ မြေသို့သက်၍
ကိုင်းခက်ညိုဝါ၊ ထီးတည်းသာတည့်
သင့်မှာကျန်ခိုက်၊ လေရူးတိုက်သော်
မငိုက်မတိမ်း၊ နွဲ့မယိမ်းဘဲ
စိတ်ထိန်းကာချုပ်၊ မတုန်လှုပ်သည်
ကျွန်ုပ် အံ့မိပါတကား။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှု ဘဝ

# ဆယ်ကျော်သက်လူငယ်များ၏ စာဖတ်ခြင်း အလေ့အထ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

လူငယ်မျိုးဆက်များသည် သူတို့ငယ်ငယ်တုန်းက အဘိုးအဘွားများကဲ့သို့ စာအုပ်တွေ အများကြီး မဖတ်နိုင်ဘူးဟု ယူဆလာကြသည်။ သို့ရာတွင် စာပေကို ဝါသနာပါသော ကျောင်းသားများရှိသည်။ သူတို့သည် အစဉ်အမြဲ စာဖတ်လေ့ရှိသည်။ Ed's Editions အမည်ရှိ စာအုပ်ဆိုင်၏ မန်နေဂျာဖြစ်သူ Eric Albritton က "လူငယ်တွေ အများကြီး စာဖတ်နေတုန်းပဲ"ဟု ဆိုသည်။ ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ စာအုပ်များထက် ကွဲပြားခြားနားသော ကြားခံကိရိယာများမှတစ်ဆင့် စာဖတ်လာကြသည်။ စာဖတ်သူများသည် အွန်လိုင်းမှစာအုပ်များကို ၎င်းတို့ အသုံးပြုရာ ကိရိယာများသို့ကူးယူ၍ ချက်ချင်းရယူနိုင်သောအခါ အဖုံးပျော့စာအုပ်(Paperback) သို့မဟုတ် ကတ်ထူဖုံး(Hardcover)စာအုပ်များ ဖတ်ရန် မလိုတော့ချေ။

"ဒစ်ဂျစ်တယ်ခေတ်မှာ ပုံနှိပ်တာကို အထူးပြုတဲ့ စာအုပ်ဆိုင်တစ်ဆိုင်ရှိတာက ထူးဆန်းပေမယ့် ဒါဟာ လူ့အဖွဲ့အစည်းမှာ နေရာမကျတာ သေချာတယ်"ဟု Albritton က ဆိုသည်။ Ed's Editions ၏ ထုတ်ဝေမှုများသည် စိတ်ကူးယဉ်ဝတ္ထုများသို့ ဦးတည်နေသော လူငယ်လူရွယ်များကို လက်ခံနေဆဲ ဖြစ်သည်ဟု Albritton က ဆိုသည်။

လူငယ်များစွာအတွက် စာဖတ်ခြင်းသည် ဝါသနာ သို့မဟုတ် ကျောင်းလိုအပ်ချက်တစ်ခု ဖြစ်သည်။ ဤအချက်က "အခြားသူတွေက တိုးတက်နေတဲ့ နည်းပညာခေတ်နဲ့ လူမှုမီဒီယာမှာ ဘယ်လို အချိန်ဖြုန်းနေသလဲ" ဟူသော မေးခွန်းဆီသို့ ဦးတည်သည်။ အမေရိကန် စိတ်ပညာအဖွဲ့အစည်းက ထုတ်ဝေသော သုတေသနအရ အမေရိကန် ဆယ်ကျော်သက်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပျော်ရွှင်ချမ်းမြေ့မှုအတွက် စာဖတ်ကြသော်လည်း ၈၀ ရာခိုင်နှုန်းကျော်က လူမှုမီဒီယာကို နေ့စဉ် အသုံးပြုနေကြသည်။ စာဖတ်ခြင်းသည် လူငယ်များအတွက် ဖျော်ဖြေရေး သို့မဟုတ် သတင်းအချက်အလက်များ၏ အဓိက အရင်းအမြစ် ဖြစ်လိမ့်မည်ဟု မမျှော်လင့်နိုင်ကြောင်း သူကဆိုသည်။ သို့သော် စာဖတ်သူအနည်းငယ်တော့ ရှိနေလိမ့်မည်ကို မျှော်လင့်သည်ဟု ဆိုသည်။ အဆိုပါ စာဖတ်သူအုပ်စုမှ တစ်ဦးဖြစ်သူ နှလုံးသွေးကြောနှင့် နည်းပညာ ပညာရပ် ဒုတိယနှစ်ကျောင်းသား Nicole Lovaseo က "ကျွန်တော်တို့ဒီကမ္ဘာငယ်လေးတစ်ခုတည်းကနေ လွတ်မြောက်နိုင်တယ်၊ အဲဒီနေရာမှာ နာရီပေါင်းများစွာထိုင်ပြီး နှစ်မြှုပ်လိုက်တယ်"ဟု ဆိုသည်။

အင်္ဂလိပ်ဘာသာရပ် တတိယနှစ်ကျောင်းသား Richard Hurteau သည် ကိုယ်တိုင်ကြေညာထားသော စာဖတ်သူလည်းဖြစ်သည်။ "အထက်တန်းကျောင်းသားမှာ အင်္ဂလိပ်စာကို အမြဲပျော်ပျော်တက်ခဲ့တာမို့ အင်္ဂလိပ်စာ အဓိကဘာသာရပ်မှာ ကောင်းကောင်းတက်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု Hurteau က ဆိုသည်။ "နေ့တစ်နေ့ကို အေးအေးချမ်းချမ်းစတင်တာနဲ့ အဆုံးသတ်တာက ကောင်းမွန်တဲ့နေ့ပါပဲ"ဟု သူကဆိုသည်။ သူသည် ကျောင်းစာအတွက်ရော၊ ပျော်ရွှင်ချမ်းမြေ့မှုအတွက်ပါ နေ့စဉ်စာဖတ်ရန် အချိန်ပေးသည်။

အဏ္ဏဝါသိပ္ပံဘာသာရပ် ပထမနှစ်ကျောင်းသား William Miller သည် သူ၏ ပုံမှန်စာဖတ်ခြင်း အများစုသည် သူ့အား Assignment ပေးသော စာအုပ်များမှလာသည်ဟု ဆိုသည်။ သူက "အိမ်စာလုပ်ရင်း တစ်ရက်ကိုအနည်းဆုံး တစ်နာရီ စာဖတ်နိုင်တယ်"ဟု ဆိုသည်။ Miller က သူသည် စာဖတ်ခြင်းအတွက် အမှတ်များပေးသော စာဖတ်ခြင်း အစီအစဉ်တစ်ခုတွင်ရှိနေစဉ် မူလတန်းကျောင်းတွင် စာဖတ်ခြင်းကို ပြန်ပြောသည်။ "ဆုတွေချီးမြှင့်တဲ့အတွက် ကျွန်တော် အမှတ်အားလုံးရခဲ့ပါတယ်"ဟု Miller က ဆိုသည်။

လူငယ်များ အထူးသဖြင့် ကျောင်းသားများ စိတ်ချမ်းမြေ့မှုအတွက် စာဖတ်ခြင်းကို အချိန်ပေးခဲ့သည်။ စာဖတ်ခြင်းကို မနှစ်သက်ပါက "ကျွန်တော်တို့ အနေနဲ့ ဖုန်းတွေ၊ ဗီဒီယိုဂိမ်းတွေ အများကြီးရှိတဲ့အခါ ထိုင်ပြီး စာမျက်နှာအများကြီး ဖတ်ရတာ တော်တော်ခက်တယ်"ဟု Hurteau ကဆိုသည်။ " ဝတ္ထုတွေ အများကြီးဖတ်ရင်းနဲ့ အဲဒီတုန်းက ဘာတွေဖြစ်နေတာလဲ ဆိုတာကို ကြည့်ဖို့ နည်းလမ်းကောင်းတစ်ခုပါပဲ"ဟု သူက ဆိုသည်။

Benjamin Adams သည် ကိုလံဘီယာရှိ Odd Bird Books ပိုင်ရှင်တစ်ဦးဖြစ်သည်။ စာဖတ်သူတစ်ဦးအနေဖြင့် သူသည် စာဖတ်ခြင်း၏ အရေးကြီးမှုကို အလေးထားသည်။

"စာဖတ်ခြင်းက သင်ရဲ့အမြင်တွေကို ကျယ်ပြန့်စေပြီး စာနာမှုစွမ်းရည်ကို ပိုမိုတိုးတက်စေတယ်"ဟု Adams က ဆိုသည်။ "စာဖတ်ခြင်းဟာ သင်နဲ့ လုံးဝမတူတဲ့ လူတစ်ဦးရဲ့ အတွေ့အကြုံကို သင်ကိုယ်တိုင်ရနိုင်တဲ့ တကယ့်ကို တိုက်ရိုက်ကျတဲ့ နည်းလမ်းတစ်ခုပါပဲ။ အဲဒီလူရဲ့ သမိုင်း၊ အချိန်ကာလ၊ ဘဝအတွေ့အကြုံ ဒါမှမဟုတ် သင်သိတဲ့ ချမ်းသာမှု၊ လူမျိုး၊ ကျား မ စသဖြင့်ပေါ့"

ဒစ်ဂျစ်တယ်ခေတ် တိုးတက်လာသည်နှင့်အမျှ ရုပ်ပိုင်းဆိုင်ရာ စာဖတ်ခြင်း လမ်းကြောင်းသည် ပြောင်းလဲနေသည်။ သို့သော် တီထွင်ဆန်းသစ်သော၊ ပညာပေးသော၊ ဖျော်ဖြေပေးသော စာအုပ်များ ဆက်လက် တည်ရှိနေမည်သာ ဖြစ်သည်။

*[Ref: Reading habits of young people are changing by Olivia Harvey]*

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံး စ ရာ

### ငါးဟင်းကြိုက်တဲ့သူ

အိတုံ - သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတာ ဘာသဘောလဲဟဲ့ ဖေ့ာရှန်ရဲ့။

ဖော့ရှန် - အိုဟယ်၊ ငါးဟင်းကြိုက်တဲ့သူတွေ ထွင်လိုက်တဲ့ စကားပုံ ဖြစ်မှာပါဟာ။

### စီးပွားခွဲထားလို့ပါ

ဘုံဘုံ - မနေ့က ပန်းခြံထဲမှာ ငါ့ဖေဖေနဲ့ မေမေ အိမ်သာတက်တာ တစ်ခြမ်းစီ ခွဲတက်ကြတယ်။

ဗလ - အိုကွာ၊ စီးပွားခွဲထားကြလို့ နေမှာပေ့ါ။

### လေယာဉ်ပျံကို နမူနာယူ

ဆရာဝန် - မြွေစွယ်ကို နမူနာယူပြီး ဆေးထိုးအပ်ကို တီထွင်ခဲ့ကြတာ သမီးရဲ့။

သမီး - ဒါဆို လေယာဉ်ပျံကို နမူနာယူပြီး ငှက်တွေက အတောင်ပံကို တီထွင်ခဲ့သလိုမျိုးပေ့ါနော် ဖေဖေ။

**မာတင်ဖဲ**

# စားနပ်ရိက္ခာဖူလုံဖို့ စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်နှစ်ဆတိုးမြှင့်စို့

ညီညီသန်း(နေပြည်တော်)

ယနေ့ကမ္ဘာတွင် တိုးတက်လာသောလူဦးရေနှင့်အညီ စားနပ်ရိက္ခာသည်လည်း လိုအပ်လျက်ရှိပေသည်။ ကမ္ဘာ့စိုက်ပျိုးမြေသည် တိုးပွားလာမှုမရှိသော်လည်း လူဦးရေမှာ တိုးပွားလျက်ရှိရာ တိုးပွားလာသောလူဦးရေနှင့်အညီ စားနပ်ရိက္ခာဖူလုံဖို့ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအားကို နှစ်ဆတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ၏ လူဦးရေနှင့်အညီ ရိက္ခာဖူလုံရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပေသည်။



### ကမ္ဘာ့လူဦးရေ သန်း ၆၉၀ ကျော်

သို့သော်လည်း ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသုံးဘီလီယံခန့်မှာ ကျန်းမာရေးနှင့်ပြည့်စုံသည့် အစားအစာမရရှိသေးဘဲ တချို့မှာ ဘေးမကင်းသည့် အစားအစာများ၏ အကျိုးသက်ရောက်မှုကို ခံစားနေရကြောင်း သိရသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သီးနှံ၊ သားငါးနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှု ကျဆင်းလျက်ရှိသည့်အပြင် အာဟာရဓာတ်ပါဝင်မှုလည်း ပြောင်းလဲလျက်ရှိသည်။ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှုများအရ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာဖူလုံမှုကို ထပ်ဆင့်ထိခိုက်စေလျက်ရှိရာ ငတ်မွတ်မှုခံစားနေရသည့် ကမ္ဘာ့လူဦးရေ သန်း ၆၉၀ ကျော်အပြင် ထပ်မံ၍ သန်း ၁၀၀ ခန့် ပိုမိုတိုးပွားလာနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)က ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အခြေခံကျသည့် လယ်ယာကဏ္ဍထုတ်လုပ်မှု ကွင်းဆက်လုပ်ငန်းများတစ်လျှောက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အရည်အသွေးကောင်းထုတ်ကုန်များထွက်ရှိရေး၊ လေလွင့်ဖြုန်းတီးမှုများလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် ရေရှည်တည်တံ့သောမျိုး၊ နည်းစနစ်များအသုံးချရေး၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ ထိုက်သင့်သည့်ဝင်ငွေရရှိရေးတို့အတွက် ကမ္ဘာ့နိုင်ငံများ၌ မိမိနိုင်ငံနှင့် ကိုက်ညီသင့်တော်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မိမိတို့နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော မူဝါဒများ ချမှတ်အကောင်အထည်ဖော်မှသာလျှင် စိုက်ပျိုးရေးကဏ္ဍကြီး အောင်မြင်၍ ရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အောင်မြင်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည်ကို မူဝါဒချမှတ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံပြီး အာဟာရပြည့်ဝသည့် ထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ပြည့်စုံကောင်းမွန်သောဘဝများ ပိုင်ဆိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်း၌ အဓိကစားသုံးသည့်ဆန်စပါးကို ဒေသအလိုက် ဖူလုံရေးအစီအမံများ၊ စားသုံးရာတွင် အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်၌ ဈေးကောင်းရစေမည့် စပါးမျိုးများနှင့်ပဲမျိုးစုံ တိုးတက်ထုတ်လုပ်နိုင်ရေး အစီအစဉ်များ၊ စားသုံးဆီများကို နိုင်ငံခြားမှ တင်သွင်းရသည့်အတွက် နိုင်ငံခြားငွေလျော့ကျစေရန် ဆီထွက်အားကောင်းသည့် စားအုန်းဆီ၊ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီထုပ်လုပ်မှုကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးရေး

ဆက်လက်၍ စားနပ်ရိက္ခာအတွက် အရေးကြီးသည့် သီးနှံများကို စိုက်ဧရိယာတိုးချဲ့ရေး၊ မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေး၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကဏ္ဍတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်ပြီး ရေမြေဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးရေးတို့အတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

အာဟာရပြည့်ဝရေးအတွက် အသားစားသုံးမှုမြင့်မားလာစေရန်အတွက် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးလာစေရန် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဘဲနှင့် ကြက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ မေထုန်မဲ့နည်းဖြင့် မျိုးပွားမှုကို မြှင့်တင်ခြင်း၊ မွေးမြူရေးခြံများတွင် ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ (Good Animal Husbandry Practices – G.A.H.P) လိုက်နာကျင့်သုံးစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ပြည်ပပို့ကုန်ဈေးကွက်ရရှိစေရန် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ငါးမွေးမြူရေးပညာပေးသင်တန်းများ ဒေသအလိုက် ဖွင့်လှစ်ပေးခြင်း၊ လိုအပ်သော ငါးသားပေါက်များကို ဖြန့်ဖြူးပေးခြင်း၊ ငါးရောဂါဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ပေးခြင်း၊ အအေးပိုင်းငါးသားဖောက်ခြင်းနှင့် မွေးမြူရေးနည်းပညာပံ့ပိုးပေးခြင်း၊ မြစ်ချောင်းများအတွင်း လှောင်အိမ်ဖြင့် ငါးမွေးမြူသည့် နည်းပညာများ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းအပြင် ငါး၊ ပုစွန်မွေးမြူခြင်း လုပ်ငန်း၌ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(Good Aquaculture Practices–GAqP) အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်လည်း ပံ့ပိုးပေးလျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးမှုများကြောင့် နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ လတ်တလောကဏ္ဍအနေဖြင့် စုစုပေါင်း ၁၄ ဒသမ ရာခိုင်နှုန်းပါဝင်ပြီး သားငါးကဏ္ဍအနေဖြင့် ၇ ဒသမ ၇ ရာခိုင်နှုန်းပါဝင်လျက်ရှိသည်။ စုစုပေါင်းပို့ကုန်တန်ဖိုးများအနက် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးပါဝင်မှုမှာ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

### အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံ

လက်ရှိကိုဗစ်-၁၉ကပ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည့်ကာလအတွင်းဖြစ်သည့် ၂၀၂၀-၂၀၂၁ ခုနှစ်မှာပင် အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံစိုက်ဧက ၁၇ ဒသမ ၂၀ သန်းကျော်နှင့် အထွက်တင်းပေါင်း ၁၂၆၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး အဓိကဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာစိုက်ဧက ၇ ဒသမ ၁၂ သန်းကျော်၊ အထွက်တင်းပေါင်း ၁၈၄ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံစိုက်ဧက ၉ ဒသမ ၈၁ သန်းကျော် အထွက်တင်းပေါင်း ၁၅၆ ဒသမ ၈၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ထို့အပြင် အသားကဏ္ဍတွင် မက်ထရစ်တန်ပေါင်း ၁ ဒသမ ၀၅ သန်း၊ ငါးကဏ္ဍတွင် မက်ထရစ်တန်ပေါင်း ၅ ဒသမ ၄ သန်း၊ နို့ကဏ္ဍတွင် ကီလိုဂရမ်ပေါင်း ၁၈ ဒသမ ၇ သန်း၊ ဥကဏ္ဍတွင် အလုံးရေ ၂၂၈၃ ဒသမ ၈၁ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၂၃ သို့ ✢

**စားနပ်ရိက္ခာအတွက် အရေးကြီးသည့်သီးနှံများကို စိုက်ဧရိယာတိုးချဲ့ရေး၊ မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေး၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကဏ္ဍတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်ပြီး ရေမြေဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံပုံစံများပြောင်းလဲ စိုက်ပျိုးရေးတို့အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ**





○ တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှ

ဒါ့ပြင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီအသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ် စုစုပေါင်း ၁၈၁ ပွဲရှိခဲ့ပြီဖြစ်တာကြောင့် ဥရောပရဲ့ နိုင်ငံတကာပွဲစဉ် အများဆုံးပါဝင်ကစားထားတဲ့ စပိန်နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်ရဲ့ နိုင်ငံတကာပွဲစဉ် ပါဝင်ကစားမှုစံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတကာပွဲစဉ်စုစုပေါင်း ၁၉၅ ပွဲနဲ့ စံချိန်တင် ပါဝင်ကစားထားတဲ့ မလေးရှား တိုက်စစ်မှူး ဆိုချင်အန်းဟာ ၁၉၈၄ ခုနှစ်မှာ ဘောလုံးသမားဘဝကနေ အနားယူခဲ့တာ ဖြစ်တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဆိုချင်အန်းရဲ့စံချိန်ကို ကျော်ဖြတ်နိုင်ဖို့ ရှိနေသေးတာဖြစ်ပါတယ်။

နည်းပြ ဖာနန်ဒိုဆန်းတို့ရဲ့ ပေါ်တူဂီအသင်းဟာ ကာတာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ကာတာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၇ မိနစ်မှာ စီရိုနယ်လ်ဒို၊ ၄၈ မိနစ်မှာ ဖွန်တီနဲ့ မိနစ် ၉၀ မှာ အန်ဒရီဆေးလ်ဗားတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်




✻ ကျောဖုံးမှ

သံတွဲမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၁၈၀၀၀၀၊ လားရှိုးမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၂၄၁၅၀ နှင့် ကျိုင်းတုံမြို့သို့ ဆေးထိုးအပ် ၅၀၀၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် လည်းကောင်း၊ ပဲခူးမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၀၀၀၀ နှင့် ဆေးထိုးအပ် ၁၀၀၀၀၀၊ ပြည်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၆၀၀၀ နှင့် ဆေးထိုးအပ် ၁၀၀၀၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့်လည်းကောင်း ဆက်လက်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းအတွက် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးခြင်းဖြစ်သည်။ အလားတူ ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေးလေယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများ ရယူကာ လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)၌ ကုမ္ပဏီနှစ်ခုမှ Disposable Face Mask ၇၅၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင် (အရည်) ၁၅၃၂၃ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမ်းမြို့နယ်၌ အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**အမ်း အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကာကွယ်ဆေးဖြင့် လွှမ်းခြုံအပ်သောအနာဂတ်ပန်းခင်းများဆီသို့ ဆိုင်းဘုတ်စိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါဆိုင်းဘုတ်အား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးနှင့် ဝန်ထမ်းများက အများပြည်သူများသိရှိစေရန် ကာကွယ်ဆေးဖြင့် လွှမ်းခြုံအပ်သောအနာဂတ်ပန်းခင်းများဆီသို့ “ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးကြပါစို့” ဆိုင်းဘုတ်အားစိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရန် ဖြန့်ဝေပေးခြင်းကို အမှတ်(၃)ဈေးရပ်ကွက် လမ်းဆုံလမ်းမများ၌ ဆောင်ရွက်ခဲ့ကြသည်။

ဝင်းအိမွန်

(မြို့နယ်ပြန်/ဆက်)

✢ စာမျက်နှာ ၂၂ မှ

ထိုကဲ့သို့စိုက်ပျိုးရေးထုတ်ကုန် တိုးတက်စေရေးနှင့် သီးနှံမျိုးစုံ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်စေရန်အတွက် လယ်ယာကဏ္ဍကို စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိရာ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများ ဝန်ဆောင်မှုပေးခြင်း၊ စက်ကိရိယာများဖြန့်ဖြူးပေးခြင်း၊ စနစ်တကျ လယ်ယာမြေများဖော်ထုတ်ခြင်း၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ လယ်ယာသုံးကိရိယာများ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းပေးခြင်း၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း ရေလှောင်တမံများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ တည်ဆောက်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်လျက် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံဧက ၂၄ သိန်းစိုက်ပျိုးရေပေးဝေခြင်း၊ သောက်သုံးရေပေးဝေခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

### ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့

ထိုသို့ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးခြင်းများကြောင့် နိုင်ငံအတွင်း ဆန်ဖူလုံမှု ၁၂၇ ရာခိုင်နှုန်း၊ ပဲမျိုးစုံဖူလုံမှု ၅၃၆ ရာခိုင်နှုန်းဖြင့် ပြည်သူများအတွက် စားနပ်ရိက္ခာပြည့်စုံသည့်အပြင် အပိုအလျှံများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသနေပြည်သူများ မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်မီး သွယ်တန်းရန်



ခက်ခဲပါက ကျေးလက်မီးလင်းရေးအနေဖြင့် ဆိုလာမီးများတပ်ဆင်ပေးခြင်း၊ သောက်သုံးရေခက်ခဲသော ဒေသများတွင် ရေတွင်းများ တူးဖော်ပေးခြင်း၊ နွေရာသီရေအခက်အခဲရှိသော ကျေးရွာများသို့ ရေသယ်ကားများဖြင့် သောက်သုံးရေဖြန့်ဝေခြင်း၊ ကျေးရွာများတွင် စီးပွားရေးလုပ်ကိုင်နိုင်ရန် အရင်းမပျောက် မတည်ငွေများ တည်ထောင်ပေးခြင်း၊ ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရန် လူမှုအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂဇီဝမျိုးစုံ မျိုးကွဲကွန်ဗင်းရှင်း (Convention of Biological Diversity – CBD)၏အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၅-၂၀၂၀)ကို ရေးဆွဲ၍ ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ငါးဖွဲ့ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့်မူဝါဒကို ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ ရေးဆွဲရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ငါးဖမ်းရာသီသတ်မှတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှုပပျောက်ရေးအတွက် Vessel Monitoring System ဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်သစ်တစ်စုချင်းအလိုက် ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေသတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် မဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

### နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေး

အချုပ်အားဖြင့် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေးအတွက် ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ရေးနှင့် ဈေးကွက်ရရှိရေး၊ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးရန်အတွက် ရေရရှိရေး ကျေးလက်ဒေသ မီးလင်းရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေး၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများထုတ်လုပ်နိုင်ရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ထာဝစဉ်တည်တံ့ရေး စသည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူများ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာဖူလုံစွာရရှိရေးအတွက် ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုများနှင့်အတူ သဘာဝပတ်ဝန်းကျင်ကောင်း၊ လူမှုစီးပွားဘဝဝန်းကျင်ကောင်းများ ပိုင်ဆိုင်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန် နှစ်ဆတိုးမြှင့်ရန်ဆောင်ရွက်ရင်း စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်လျက်ရှိသည်။ ။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁–၁–၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက် စာတမ်းများနှင့်အတူ ၅–၁၀–၂၀၂၂ ရက်နေ့မှ ၂၄–၁၀–၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ လျှောက်ထားရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြု ရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံး သည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း(၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲ အောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်–

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိုက်စစ်မှူး စီရိုနယ်လ်ဒို ပေါ်တူဂီအသင်းနဲ့အတူ နိုင်ငံတကာသွင်းဂိုး ၁၁၂ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အောက်တိုဘာ ၉ ရက်ညပိုင်းက ပေါ်တူဂီအသင်းနဲ့ ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပေါ်တူဂီအသင်းနဲ့အတူ နိုင်ငံတကာသွင်းဂိုး ၁၁၂ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အမျိုးသားဘောလုံးလောကမှာ နိုင်ငံတကာသွင်းဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကို ရရှိထားပြီဖြစ်တဲ့အပြင် နိုင်ငံတကာသွင်းဂိုးစုစုပေါင်း ၁၀၉ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့တဲ့ အသက် ၃၆ နှစ်အရွယ် အီရန်တိုက်စစ်မှူး အလီဒါအီရဲ့ စံချိန်ကို ပြီးခဲ့တဲ့လက ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○





ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စစ်တွေလေဆိပ်သို့ ရောက်ရှိစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန် အောက်တိုဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm များကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းမှ ဆေးတစ်လုံးလျှင်လူငါးဦးထိုးနိုင်သော Sinopharm ဆေးများအား မြစ်ကြီးနားမြို့သို့ ကာကွယ်ဆေး အလုံးပေါင်း ၂၀၀၀၊ လွိုင်ကော်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၆၀၀၊ ဆေးထိုးအပ် ၃၀၀၀၀၊ ကလေးမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၇၀၀၀၊ ထားဝယ်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၁၀၀၀၀၊ ဆေးထိုးအပ် ၁၀၀၀၀၀၊ ကော့သောင်းမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၅၆၂၈ လုံး၊ မြိတ်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၁၀၀၈၀၊ စစ်တွေမြို့သို့ ကာကွယ်ဆေး အလုံးပေါင်း ၂၇၂၀၀၊ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻

## ကြေးမုံ ယနေ့ ဖတ်စရာ


**စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် မဟာဗျူဟာတစ်ရပ် အကောင်အထည်ဖော်ဆောင်မည်**

စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၂၆၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၁၈ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၆



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁


## ထူးခြားသည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "လန်းယင်းလော့(ခ်)" သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဗီယက်နမ်နိုင်ငံအထက်ပိုင်းကမ်းခြေကို နမ်ဒင်းမြို့အနီးမှ စတင်ဖြတ်ကျော်လျက်ရှိသည်။ မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ မိုး/ဇလ